**KEY STATEMENTS FOR THE 2024 MEMORIAL DAY BLENDING CONFERENCE**

ကျွန်ုပ်တို့ဖြတ်ကျော်ခဲ့သော အရာခပ်သိမ်းသည် တစ်ခုတည်းသောအကြံအစည်သာရှိကြောင်း -
ယင်းမှာ ဘုရားသခင်၏အသက်သည် ကျွန်ုပ်တို့မှတစ်ဆင့် လွတ်မြောက်ခြင်းရှိ၍၊
ကျွန်ုပ်တို့၌ ထင်ရှားခြင်းရှိရန် ဖြစ်ကြောင်း သိနားလည်ရန် လိုအပ်သည်။
ကျွန်ုပ်တို့၏အပြင်လူသည် အတွင်းလူ လွတ်မြောက်လာခြင်းနှင့် ထင်ရှားလာခြင်းရှိသည့်အတိုင်းအတာအထိ ကျိုးပဲ့ခြင်း ရှိပါစေသော။
ဤအရာသည် အဖိုးထိုက်တန်လှပြီး၊ ဤအရာသည် သခင်ဘုရား၏အစေခံများ၏ လမ်းပင်ဖြစ်သည်။

သခင်ဘုရား၌ တည်နေခြင်းမှာ ကိုယ်တော်နှင့်အတူ တစ်ဝိညာဉ်တည်းဖြစ်ရန် ဖြစ်ပြီး၊
အကျိုးသက်ရောက်မှုရှိသော ဆုတောင်းချက်များမှာ ကျွန်ုပ်တို့ သခင်ဘုရား၌ တည်နေခြင်းနှင့်
ကိုယ်တော်၏စကားတော်များ ကျွန်ုပ်တို့၌ တည်နေခြင်း၏ ရလဒ်ပင်ဖြစ်သည်။

ခရစ်တော်ကို အသက်၏စီးဆင်းခြင်းအဖြစ် ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်ခြင်းသည်
ဘုရားသခင်၏ အံ့သြဖွယ်ရာ ရှင်သန်သော တည်ဆောက်ခြင်း၊ ဘုရားသခင်၏ ခမ်းနားထည်ဝါသောအိမ်တော်အတွက်
အသက်၏အမှုတော်ဖြင့် ကျွန်ုပ်တို့အား မျိုးကြဲသူများ၊ စိုက်ပျိုးသူများ၊ ရေလောင်းသူများ၊
မွေးဖွားသူများ၊ ကျွေးမွေးသူများနှင့် တည်ဆောက်သူများဖြစ်စေရန် ဖြစ်သည်။

ကျွန်ုပ်တို့အားလုံးသည် မျက်နှာဖုံးဖွင့်ထားလျက် သခင်ဘုရား၏ဘုန်းတော်ကို မျှော်ကြည့်လျက် မှန်ကဲ့သို့ ရောင်ပြန်ဟပ်ကာ၊
ဘုန်းတော်မှဘုန်းတော်သို့ တူညီသော သဏ္ဍာန်တော်အထဲသို့ ပုံသဏ္ဍာန်ပြောင်းလဲ ခံရကြသည်။

*© 2024 Living Stream Ministry*

**Outline of the Messages**
**for the Memorial Day Blending Conference**
**May 24-27, 2024**

**GENERAL SUBJECT:**
**ခရစ်ယာန်အသက်တာ**

Message One
**ခရစ်ယာန်အသက်တာ၏ ပင်ကိုမူလပုံဆောင်ချက်**

ဖတ်ရန်ကျမ်း။ ။ ယော၊၁၄း၂၁၊ ၂၃။ ၂ကော၊၂း၁၀။ ၄း၆-၇

**I. ခရစ်ယာန်အသက်တာသည် ခရစ်တော်ကို အသက်ရှင်ခြင်းအသက်တာ ဖြစ်သည်။ ကျွန်ုပ်တို့၏အသက်ရှင်ခြင်းသည် ခရစ်တော်ဖြစ်သင့်ပြီး၊ ခရစ်တော်ကို အသက်ရှင်ရန်နည်းလမ်းမှာ ခရစ်တော်ကို ချစ်ခြင်းပင်ဖြစ်သည် - ဖိ၊၁း၁၉-၂၁က။ ဂလ၊၂း၂၀။**

A. ကျွန်ုပ်တို့သည် ခရစ်တော်ကို အဆုံးစွန်အထိ ချစ်ခြင်းအားဖြင့် ခရစ်တော်ကို အသက်ရှင်နိုင်ကြသည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကို မချစ်လျှင် ကိုယ်တော်ကို ကျွန်ုပ်တို့အသက်မရှင်နိုင်ပါ၊ ကိုယ်တော်ကို ချစ်ခြင်းမှာ ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံးကို ကိုယ်တော်အပေါ်မှာ အာရုံစူးစိုက်ခြင်းဟာ အကောင်းဆုံးနည်းလမ်းဖြစ်သည် - ၂ကော၊၅း၁၄။ ၁ယော၊၄း၁၉။ ဖိ၊၁း၁၉-၂၁က။ မာ၊၁၂း၃၀။ ဗျာ၊၂း၄-၅။ ယော၊၁၄း၂၁၊ ၂၃။ ၂၁း၁၅-၁၇။ ၁ပေ၊၁း၈။ ၁ကော၊၂း၉။ ၁၆း၂၂။

B. ဘုရားသခင်ကို ချစ်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံး - ဝိညာဉ်၊ စိတ်နှင့် ခန္ဓာတို့နှင့်အတူ စိတ်နှလုံး၊ စိတ်၊ အသိဉာဏ်နှင့် အစွမ်းသတ္တိအားလုံး (မာ၊၁၂း၃၀) - ကို ကိုယ်တော်အပေါ် အကြွင်းမဲ့ထားရှိရန်၊ ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံးသည် ကိုယ်တော်အားဖြင့် သိမ်းပိုက်လွှမ်းမိုးခြင်းနှင့် ကိုယ်တော်၌ ပျောက်ဆုံးသွားခြင်းရှိရန် ဆိုလိုခြင်းဖြစ်သည်၊ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့ထံ အရာခပ်သိမ်းဖြစ်လာ၍၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏နေ့စဉ်အသက်တာ၌ ကိုယ်တော်နှင့် လက်တွေ့ကျစွာ တစ်လုံးတစ်ဝဖြစ်ကြမည်ဖြစ်သည်။

C. ကျွန်ုပ်တို့သည် ကိုယ်တော်ကို ချစ်သောအခါ “ဝိညာဉ်တော်သည် ဘုရားသခင်၏ နက်နဲသောအရာတိုင်အောင် ခပ်သိမ်းသောအရာတို့ကို စစ်တော်မူ၏” (၁ကော၊၂း၁၀)။ *စစ်တော်မူခြင်း* အတွက် ဂရိစကားလုံးမှာ အားတက်တရော စူးစမ်းရှာဖွေမှုကို ရည်ညွှန်းခြင်း၌ အသုံးပြုထားပြီး၊ လေ့လာရှာဖွေခြင်းအားဖြင့်မဟုတ်ဘဲ၊ စူးစမ်းစစ်ဆေးဖော်ထုတ်ခြင်းအားဖြင့် မှန်ကန်တိကျစွာ သိရှိရခြင်းကို ရည်ညွှန်းသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် ခရစ်တော်နှင့်စပ်လျဉ်းသည့် ဘုရားသခင်၏နက်နဲခြင်းများကို စစ်ဆေးဖော်ထုတ်၍၊ ကျွန်ုပ်တို့သိမှတ်နားလည်ခြင်းနှင့် ပါဝင်ပတ်သက်ဆက်နွှယ်ခြင်းအတွက် ကျွန်ုပ်တို့၏ ဝိညာဉ်၌ ၎င်းတို့ကို ကျွန်ုပ်တို့ထံ ပြသပေးသည်။

D. ခရစ်ယာန်အသက်တာကို အသက်ရှင်ခြင်းမှာ ဘုရားသခင်၏သားတော် ယေရှုကို ချစ်ခြင်းဖြင့်၊ ကျွန်ုပ်တို့သည် ခမည်းတော်နှင့် သားတော်အားဖြင့် ချစ်ခြင်းခံရကာ၊ ကျွန်ုပ်တို့ထံ သားတော်၏ ထင်ရှားပေါ်ထွန်းခြင်းနှင့် ကျွန်ုပ်တို့ထံ သူတို့၏ အကြည့်အရှုကြွလာ၍ သူတို့သည် ကျွန်ုပ်တို့နှင့်အတူ အပြန်အလှန်ကိန်းဝပ်နေခြင်းကို မွေ့လျော်ဝမ်းမြောက်ခြင်းပင် ဖြစ်သည် - ယော၊၁၄း၂၁၊ ၂၃။

E. ခရစ်ယာန်အသက်တာသည် ဘုရားသခင်ကို ချစ်ခြင်းနှင့် ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာအဖြစ် ဘုရားသခင်ကိုယ်တော်တိုင်ဖြင့် အချင်းချင်းကို ချစ်ခြင်းပင် ဖြစ်သည်။ ခရစ်တော်သည် ဤလောက၌ ချစ်ခြင်းမေတ္တာအဖြစ် ဘုရားသခင်၏အသက်ကို အသက်ရှင်ခဲ့ပြီး၊ ယခု ကိုယ်တော်သည် ကျွန်ုပ်တို့၏အသက်ဖြစ်ကာ၊ ဤလောကတွင် တူညီသော ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့အသက်ရှင်နိုင်ရန်နှင့် ကိုယ်တော်၏ပျောက်ဆုံးသူကို ရှာဖွေခြင်းနှင့် အပြစ်သားကိုကယ်တင်ခြင်းအမှုတော် ခရီးစဉ်၌ ကိုယ်တော်နှင့်တူညီခြင်း ရှိနိုင်ရန် ဖြစ်သည် - ၁ယော၊၄း၁၆-၁၉။ လု၊၁၀း၂၅-၃၇။ ၁၉း၁၀။ ဧ၊၄း၂၀-၂၁။ ညွှန်း၊ ဂလ၊၅း၁၃-၁၅။

**II. ခရစ်ယာန်အသက်တာကို အသက်ရှင်ရန်မှာ အရာခပ်သိမ်းကို ခရစ်တော်၏ပုဂ္ဂိုလ်တော်၌၊ ခရစ်တော်၏မျက်နှာတော်၌ လုပ်ဆောင်ရန် ဖြစ်သည် - ၂ကော၊၂း၁၀။ ၄း၆-၇။**

A. *ပုဂ္ဂိုလ်* အတွက် ဂရိစကားလုံးမှာ ၄း၆ ၌ကဲ့သို့ တိုက်ရိုက်အနေဖြင့် "မျက်နှာ"ကို ရည်ညွှန်းသည်။ ၎င်းသည် မျက်စိအနားပတ်လည်ရှိအပိုင်း၊ အတွင်းပိုင်း စဉ်းစားမှုနှင့် ခံစားမှုများကို ဖော်ပြသည့်အကြည့်၊ ပုဂ္ဂိုလ်တစ်ခုလုံးကို ပြသသော၊ ထင်ရှားဖော်ပြသော အကြည့်ကို ရည်ညွှန်းခြင်းဖြစ်သည်။

B. ယုံကြည်သူများအတွက် စံနမူနာဖြစ်ခဲ့သော တမန်တော်ပေါလုသည် (၁တိ၊၁း၁၆) ကိုယ်တော်၏မျက်စိတော်၌ ထင်ရှားပြသသည့် ကိုယ်တော့်ပုဂ္ဂိုလ်တော်တစ်ခုလုံး၏ ညွှန်ရာအတိုင်း ခရစ်တော်၏မျက်မှောက်တော်တွင် အသက်ရှင်ကာ ပြုမူလုပ်ဆောင်ခဲ့သည့်သူ ဖြစ်သည်။

C. ကျွန်ုပ်တို့၏စိတ်နှလုံးသည် သခင်ဘုရားထံသို့ လှည့်ပြန်လာသည့်အခါတိုင်း ဖုံးကွယ်ရာသည် ကျွန်ုပ်တို့၏စိတ်နှလုံးမှ ဖယ်ရှားခံရပြီး၊ ကျွန်ုပ်တို့သည် မျက်နှာဖုံးဖွင့်ထားလျက် ဘုန်းတော်၏သခင်ဘုရားကို ကြည့်ရှုနိုင်မည်ဖြစ်သည်။ အမှန်မှာ ကျွန်ုပ်တို့၏ အဝေးသို့လှည့်သွားသော စိတ်နှလုံးသည် ဖုံးကွယ်ရာဖြစ်သည်။ မျက်နှာဖုံးဖွင့်ထားသော မျက်နှာမှာ အဖုံးဖွင့်ထားသော စိတ်နှလုံးဖြစ်ကာ၊ ယေရှုခရစ်၏ မျက်နှာတော်၌ ဘုရားသခင်၏ဘုန်းတော်ကို ကြည့်ရှုရန်ဖြစ်သည် - ၂ကော၊၃း၁၆၊ ၁၈။ ၄း၆-၇။ ၁ရာမွေ၊၁၆း၇။ ဧ၊၁း၁၈က။

D. ဘုရားသခင်၏ဘုန်းတော်သည် ခရစ်တော်၏မျက်နှာတော်၌ ဖြစ်ပြီး၊ ကိုယ်တော်၏မျက်နှာတော်၊ ကိုယ်တော်၏ပုဂ္ဂိုလ်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ်ရှိ ကိန်းဝပ်နေသော ဖိုးထိုက်ဘဏ္ဍာဖြစ်သည် - ၂ကော၊၄း၆-၇။ ၁ပေ၊၃း၄။

E. ကျွန်ုပ်တို့သည် တန်ဖိုးမရှိသော၊ ကျိုးပဲ့လွယ်သော မြေကြီးတန်ဆာများဖြစ်ကြသည်၊ သို့သော် ကျွန်ုပ်တို့၏ဝိညာဉ်အတွင်း၌ ကျွန်ုပ်တို့သည် တန်ဖိုးဖြတ်မရသောဘဏ္ဍာ၊ ခရစ်တော်ကိုယ်တော်တိုင်၏ မျက်နှာတော်၊ ပုဂ္ဂိုလ်တော်ကို ထည့်ဝင်ထားသည် (၂ကော၊၂း၁၀။ ၄း၆)။ စကြဝဠာတစ်ခုလုံး၌ ယေရှု၏မျက်နှာတော်ကို ကြည့်ရှုခြင်းလောက် လွန်စွာ တန်ဖိုးရှိလှသည့် အရာ ဘာမျှမရှိပါ (က၊၃၂း၃၀။ ထွ၊၂၅း၃၀။ ၃၃း၁၁၊ ၁၄။ ဆာ၊၂၇း၄၊ ၈။ ဗျာ၊၂၂း၄)။

1. ကိုယ်တော်၏မျက်မှောက်တော်၌ ကျွန်ုပ်တို့အသက်ရှင်ခြင်း၊ ကိုယ်တော်ဖြစ်ခြင်း၏ ညွှန်ရာကို ကြည့်ခြင်းရှိသည့်အခါမှသာလျှင် ကိုယ်တော်သည် ကျွန်ုပ်တို့ထံ ထိုသို့သော ဖိုးထိုက်ဘဏ္ဍာဖြစ်ကြောင်း အာရုံခံစားရလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့၌ ပြဿနာအချို့ရှိမည်ဆိုလျှင် ကိုယ်တော်ကို ပြောပြရန်သာ လိုအပ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အတွင်း၌ပင် ရှိနေပြီး၊ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ မျက်နှာချင်းဆိုင် ရှိနေသည် - ဖိ၊၄း၆။

2. ဘုရားသခင်ကို မြင်ခြင်းမှာ ဘုရားသခင်ကို ရရှိခြင်းနှင့် ညီမျှပြီး၊ ယင်းသည် ကျွန်ုပ်တို့ကို ပုံသဏ္ဍာန်ပြောင်းလဲပေးရန် ကျွန်ုပ်တို့အထဲသို့ ကိုယ်တော်၏ ဒြပ်သဘာဝ၌ ဘုရားသခင်ကို လက်ခံရရှိခြင်းဖြစ်သည် (ယောဘ၊၄၂း၅-၆။ မ၊၅း၈)။ ယနေ့ ကျွန်ုပ်တို့ကြည့်ရှုနေကြသည့် ဘုရားသခင်သည်ပင် ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်ဖြစ်တော်မူပြီး၊ ကျွန်ုပ်တို့၏ဝိညာဉ်၌ ကိုယ်တော်ကို ကြည့်ရှု၍၊ ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ဘုရားသခင်၏ ကြွယ်ဝခြင်းများကို စုပ်ယူရရှိနိုင်ကာ၊ တစ်နေ့ပြီးတစ်နေ့ ဘုရားဆိုင်ရာပုံသဏ္ဍာန်ပြောင်းလဲခြင်းအောက်၌ ရှိနိုင်ကြသည် (၂ကော၊၃း၁၈ခ။ မ၊၁၄း၂၂-၂၃။ ကော၊၄း၂)။

F. ကျွန်ုပ်တို့၏ဝိညာဉ်ရှိ သခင်ဘုရားထံသို့ ကျွန်ုပ်တို့စိတ်နှလုံး လှည့်ပြန်လာ၍ ကိုယ်တော်ကို မျက်နှာချင်းဆိုင် ကြည့်ရှုခြင်းနှင့် ကိုယ်တော်ကို အခြားသူများအထဲသို့ ရောင်ခြည်လွှတ်သောအခါ (ဟေရှာ၊၆၀း၁၊ ၅) ကျွန်ုပ်တို့သည် "ကိုယ်တော်ဖြစ်တော်မူသည့်အတိုင်းကို ကျွန်ုပ်တို့ မြင်ရကြမည်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် တူကြလတံ့သော" နေ့ရက်တိုင်အောင် ကိုယ်တော်၏ဘုန်းထင်ရှားသော ပုံသဏ္ဍာန်တော်အထဲသို့ ပုံသဏ္ဍာန်ပြောင်းလဲခံရခြင်း ဖြစ်စဉ်၌ ရှိနေကြခြင်းဖြစ်သည် - ၂ကော၊၃း၁၈-၄း၁။ ၁ယော၊၃း၂။ ဗျာ၊၂၂း၄။

**III. ခရစ်ယာန်အသက်တာကို အသက်ရှင်ခြင်းမှာ ကျွန်ုပ်တို့ကို ခေါ်ခဲ့သော ခေါ်တော်မူခြင်းနှင့် ထိုက်တန်စွာ လျှောက်လှမ်းခြင်းဖြစ်သည် - ဧ၊၄း၁-၄။**

A. ဘုရားသခင့်ခေါ်တော်မူခြင်းနှင့် ထိုက်တန်စွာ လျှောက်လှမ်းခြင်း၏ ပထမအချက်မှာ ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းအဖြစ် ဝိညာဉ်တော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းကို ဘုရားဆိုင်ရာဂုဏ်အင်္ဂါများအားဖြင့် ၎င်းနှင့်အတူ ခွန်အားသန်စွမ်းစေခဲ့သော ပုံသဏ္ဌာန်ပြောင်းလဲသည့် လူသားကောင်းမြတ်ခြင်းများဖြင့် စောင့်ထိန်းရန် ဖွဲ့လုံ့လရှိခြင်း ဖြစ်သည် - အငယ်၊ ၁-၄။

1. ဘုန်းထင်ရှားခဲ့သောယေရှု၏ ဝိညာဉ်တော်၌ ယေရှု၏ ပုံသဏ္ဌာန်ပြောင်းလဲသော လူသားဇာတိ ရှိနေသည်။ ကိုယ်ခန္ဓာတော်တစ်ကိုယ်တည်းအတွက် ဝိညာဉ်တော်တစ်ပါးတည်းကို သောက်သုံးခြင်းနှင့် စီးထွက်ခြင်းမှာ လူသားယေရှု၏ ဝိညာဉ်တော်ကို သောက်သုံးခြင်းနှင့် စီးထွက်ခြင်းဖြစ်ကာ၊ ယေရှု၏လူသားဇာတိကို ကိုယ်တော်၏ဘုရားဆိုင်ရာဖြင့် အားဖြည့်ကြွယ်ဝစေသော နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်းနှင့် မေတ္တာ၌ အချင်းချင်းကို သည်းခံခြင်းအတွက် ကြာရှည်သည်းခံခြင်းတို့၏ လူသားကောင်းမြတ်ခြင်းတို့နှင့်အတူ သောက်သုံးခြင်းနှင့် စီးထွက်ခြင်းဖြစ်သည် - ယော၊၇း၃၇-၃၉က။ ၁ကော၊၁၂း၁၃။ တ၊၁၆း၇။ ဧ၊၄း၂-၃။
2. ကျွန်ုပ်တို့သည် သခင်ဘုရား၏နာမတော်ကို ခေါ်ဆိုပြီး၊ ကိုယ်တော်အပေါ် စားသုံးမှီခိုခြင်းရှိမည်ဆိုလျှင် ယေရှုကို လူတစ်ဦးအဖြစ် ကျွန်ုပ်တို့ မွေ့လျော်ဝမ်းမြောက်ရလိမ့်မည် ဖြစ်ပြီး၊ ကိုယ်တော်၏ မြင့်တင်ခံရသော လူသားဇာတိ၏ ကောင်းမြတ်ခြင်းများအားလုံးသည် ယေရှု၏ဝိညာဉ်တော်၌ ကျွန်ုပ်တို့၏အရာဖြစ်လာကာ၊ ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းအဖြစ် စစ်မှန်ခြင်း၏ဝိညာဉ်တော်၌ ပြန်လည်ရယူခံရသော အသင်းတော်အသက်တာကို လက်တွေ့လုပ်ဆောင်ခြင်းအတွက် ဖြစ်လာမည်ဖြစ်သည် - ၁ကော၊၁း၂။ ၁၀း၃-၄၊ ၁၇။ ၁၂း၃ခ၊ ၁၃။ ၁၆း၁၃။ ဧ၊၄း၃-၄က။

B. ဘုရားသခင့်ခေါ်တော်မူခြင်းနှင့် ထိုက်တန်စွာ လျှောက်လှမ်းခြင်း၏ ဒုတိယအချက်မှာ ကျွန်ုပ်တို့သည် အရာခပ်သိမ်း၌ ဦးခေါင်းတော် ခရစ်တော်အထဲသို့ ကြီးထွားခြင်းရှိရန် ဖြစ်သည် - အငယ်၊၁၅-၁၆။

1. ကိုယ်တော်၏ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအတွက် အရာခပ်သိမ်း၌ ခရစ်တော်အထဲသို့ ကြီးထွားရန်အလို့ငှာ ကျွန်ုပ်တို့သည် ခရစ်တော်အား လူသစ်တစ်ဦးထုတ်လုပ်ခြင်းအတွက် ကျွန်ုပ်တို့၏ အရာအားလုံးပါဝင်သော၊ စကြဝဠာဆိုင်ရာ အစားထိုးခြင်းအဖြစ် မွေ့လျော်ဝမ်းမြောက်ရန် လိုအပ်သည်၊ သို့ဖြစ်၍ ကျွန်ုပ်တို့သည် "ကိုယ်တော့်စကားကို နားထောင်"၍ "ယေရှုတစ်ပါးတည်းသာ" မြင်ရမည်ဖြစ်သည် - မာ၊၉း၇-၈။
2. ခရစ်တော် မဟုတ်သောအရာမှန်သမျှ သို့မဟုတ် မဟုတ်သောသူမှန်သမျှကို ဘုရားသခင် "အလုပ်ဖြုတ်တော်မူသည်"။ ဘုရားသခင်သည် ကိုယ်တော်၏ဓမ္မဟောင်းစီမံကိန်းရှိ အရာခပ်သိမ်းကို ခရစ်တော်ဖြင့် အစားထိုးတော်မူသည် - ၁း၁-၈။ မ၊၁၇း၃-၅။ ကော၊၂း၁၆-၁၇။ ဟေဗြဲ၊၁၀း၅-၁၀။ ၁၁း၅-၆။ ညွှန်း၊ ဟေရှာ၊၂၂း၂၀-၂၅။
3. ဘုရားသခင်က ကျွန်ုပ်တို့ကို ဖန်ဆင်းသောအခါ ကိုယ်တော်က ကျွန်ုပ်တို့ကို "ငှားရမ်းတော်မူသည်"။ ကိုယ်တော်က ကားတိုင်ပေါ်မှာ ကျွန်ုပ်တို့ကို တင်ထားပြီး၊ ခရစ်တော်နှင့်အတူ ကားတိုင်ပေါ်မှာသေစေသောအခါ ကျွန်ုပ်တို့ကို "အလုပ်ဖြုတ်တော်မူသည်"။ ကိုယ်တော်က ကျွန်ုပ်တို့ကို ခရစ်တော်နှင့်အတူတကွ ရှင်ပြန်ထမြောက်စေသောအခါ ကျွန်ုပ်တို့ကို ဘုရား-လူများ၏ အသစ်သောမျိုးစိတ်များ၊ ကိုယ်တော်၏ စုပေါင်းလက်ရာမွန်အဖြစ် ဘုရားသခင်၏တီထွင်မှုအသစ်ဖြစ်စေခြင်းအားဖြင့် ကျွန်ုပ်တို့ကို "ပြန်လည်ငှားရမ်းကာ"၊ ကိုယ်တော်၏ဘုန်းတော်၊ ကိုယ်တော်၏စုပေါင်းထင်ရှားခြင်းအတွက် ကျွန်ုပ်တို့ကို ဖန်ဆင်းခြင်း၏ နဂိုမူလ ရည်ရွယ်ချက်သို့ ပြန်လည်ခေါ်ဆောင်ခဲ့သည် - က၊၁း၂၆။ ဂလ၊၂း၂၀။ ဧ၊၂း၆၊ ၁၀၊ ၁၅။ ဟေရှာ၊၄၃း၇။

C. ဘုရားသခင့်ခေါ်တော်မူခြင်းနှင့် ထိုက်တန်စွာ လျှောက်လှမ်းခြင်း၏ တတိယအချက်မှာ ကျွန်ုပ်တို့သည် ယေရှု၌ရှိသော စစ်မှန်ခြင်းအဖြစ် ခရစ်တော်ကို သင်ယူခြင်းရှိရန် ဖြစ်သည် - ဧ၊၄း၂၀-၂၄။

1. *ယေရှု၌ရှိသော စစ်မှန်ခြင်း* သည် ဧဝံဂေလိစာစောင်လေးစောင်၌ မှတ်တမ်းတင်ထားသည့်အတိုင်း ယေရှု၏အသက်တာ အခြေအနေမှန်ကို ရည်ညွှန်းသည်။ ယေရှုသည် အရာခပ်သိမ်းကို ဘုရားသခင်၌၊ ဘုရားသခင်နှင့်အတူ၊ ဘုရားသခင်အတွက် လုပ်ဆောင်ခြင်းရှိသည့် အသက်တာကို အသက်ရှင်ခဲ့သည်။ ဘုရားသခင်သည် ကိုယ်တော်၏အသက်ရှင်ခြင်း၌ရှိပြီး၊ ကိုယ်တော်သည် ဘုရားသခင်နှင့် တစ်လုံးတစ်ဝ ဖြစ်ခဲ့သည် - အငယ်၊၂၀-၂၁။

2. မြေကြီးပေါ်ကိုယ်တော်၏အသက်တာ၌ ကိုယ်တော်သည် ဧဝံဂေလိစာစောင် လေးစောင်တွင် ဖွင့်ပြထားသည့်အတိုင်း စံနမူနာကို ချမှတ်တည်စေခဲ့သည်။ ထိုနောက် ကားတိုင်ပေါ်အသေခံကာ၊ အသက်ပေးသောဝိညာဉ်တော်ဖြစ်လာရန် ရှင်ပြန်ထမြောက်တော်မူသည်၊ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့အထဲသို့ ကျွန်ုပ်တို့အသက်ဖြစ်ရန် ဝင်ရောက်လာနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ပုံဥပမာအတိုင်း ကိုယ်တော်ထံမှ သင်ယူရမည်ဖြစ်ကာ၊ ကျွန်ုပ်တို့၏ဇာတိအသက်အားဖြင့်မဟုတ်ဘဲ၊ ရှင်ပြန်ထမြောက်ခြင်း၌ ကျွန်ုပ်တို့၏အသက်အဖြစ် ကိုယ်တော်အားဖြင့် သင်ယူရမည်ဖြစ်သည် - ၁ကော၊၁၅း၄၅ခ။ ကော၊၃း၄။

3. ကျွန်ုပ်တို့သည် သခင်ဘုရားကို ချစ်ခြင်း၊ ကိုယ်တော်ကို ဆက်သွယ်ခြင်းနှင့် ကိုယ်တော်ထံ ဆုတောင်းခြင်းရှိစဉ်တွင် အလိုအလျောက်ပင် ဧဝံဂေလိစာစောင်များ၌ ဖော်ပြထားသည့် ပုံစံခွက်၊ ပုံစံ၊ စံနမူနာအတိုင်း ကိုယ်တော်ကို အသက်ရှင်ခြင်း ရှိကြသည်။ ဤနည်းဖြင့် ကျွန်ုပ်တို့သည် ဤပုံစံခွက်၏ ပုံသဏ္ဍာန်အတိုင်း ပုံသွင်းခြင်း၊ သဏ္ဍာန်တူညီခြင်းရှိကြသည် - ဤအရာသည် ခရစ်တော်ကို သင်ယူခြင်း၏ ဆိုလိုရင်းဖြစ်သည် - မ၊၁၁း၂၉။ ရော၊၈း၂၉။

D. ဘုရားသခင့်ခေါ်တော်မူခြင်းနှင့် ထိုက်တန်စွာ လျှောက်လှမ်းခြင်း၏ စတုတ္ထအချက်မှာ ကျွန်ုပ်တို့သည် ချစ်ခြင်းမေတ္တာနှင့် အလင်း၌ အသက်ရှင်ခြင်းရှိရန် ဖြစ်သည် - ဧ၊၅း၂၊ ၈။

1. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသဘောသဘာဝကို ပါဝင်ဆက်ဆံသူများ၊ မွေ့လျော်ဝမ်းမြောက်သူများ ဖြစ်ရန် လိုအပ်သည် (၂ပေ၊၁း၄)။ ဘုရားဆိုင်ရာသဘောသဘာဝသည် ဘုရားသခင်ဖြစ်တော်မူသောအရာ ဖြစ်သည် - ဘုရားသခင်သည် ဝိညာဉ်တော်ဖြစ်သည် (ယော၊၄း၂၄)၊ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သည် (၁ယော၊၄း၈၊ ၁၆)၊ ဘုရားသခင်သည် အလင်းဖြစ်သည် (၁း၅)။ ဝိညာဉ်တော်သည် ဘုရားသခင့်ပုဂ္ဂိုလ်တော်၏ သဘောသဘာဝဖြစ်ပြီး၊ ချစ်ခြင်းမေတ္တာသည် ဘုရားသခင့်အနှစ်သာရ၏ သဘောသဘာဝဖြစ်ကာ၊ အလင်းသည် ဘုရားသခင့်ထင်ရှားခြင်း၏ သဘောသဘာဝဖြစ်သည်။

2. ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့ဝိညာဉ်၌ ကိုယ်တော်နှင့်အတူ သီးသန့်မိတ်သဟာယဖွဲ့ရန် သခင်ဘုရားနှင့်အတူ တစ်ဦးချင်းအချိန်ယူခြင်းကို အချိန်လုံလောက်စွာ အသုံးပြုရန် လိုအပ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ချစ်ခြင်းအနှစ်သာရဖြင့် ပြည့်ဝ၍၊ ထိုသို့ဖြင့် ကျွန်ုပ်တို့မှတစ်ဆင့် ကိုယ်တော်သည် အခြားသူများကို ထိန်းကျောင်းခြင်း ရှိမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် အခြားသူများက ကျွန်ုပ်တို့၌ ကိုယ်တော်ကို မြင်ခြင်းငှာ ကိုယ်တော်၏ထွန်းလင်းပေးသော ဒြပ်သဘာဝဖြင့် ဖြည့်ခြင်း ခံရနိုင်မည်ဖြစ်သည် - ယော၊၄း၂၄။ လု၊၁၅း၂၀။ မ၊၅း၁၅-၁၆။

E. ဘုရားသခင့်ခေါ်တော်မူခြင်းနှင့် ထိုက်တန်စွာ လျှောက်လှမ်းခြင်း၏ ပဉ္စမအချက်မှာ ကျွန်ုပ်တို့သည် ခရစ်တော်ဖြင့် လျှံထွက်စီးဆင်းခြင်းရှိရန် ဝိညာဉ်၌ ပြည့်ဝနေခြင်းအားဖြင့် အသက်ရှင်ရန် ဖြစ်သည် - ဧ၊၅း၁၈။

1. ဟောပြောခြင်း၊ သီချင်းဆိုခြင်း၊ ဆာလံသီချင်းဆိုခြင်း၊ ဘုရားသခင်ထံသို့ ကျေးဇူးတင်ခြင်း၊ ခရစ်တော်ကို ကြောက်ရွံ့ခြင်း၌ အချင်းချင်းထံ ကျွန်ုပ်တို့ကိုယ်ကို ဝန်ခံခြင်းတို့သည် ဝိညာဉ်၌ ပြည့်ဝခြင်း၏ လျှံထွက်စီးဆင်းခြင်းဖြစ်ရုံသာမက၊ ဝိညာဉ်၌ ပြည့်ဝခြင်းရှိရန် နည်းလမ်းလည်း ဖြစ်သည် - အငယ်၊၁၉-၂၁။

2. ဝိညာဉ်၌ ပြည့်ဝခြင်းမှာ ခရစ်တော်၏ပြည့်ဝပြည့်စုံခြင်း၊ ခရစ်တော်၏ လျှံထွက်စီးဆင်းခြင်းဖြစ်လာရန် ခရစ်တော်၏ ကြွယ်ဝခြင်းများဖြင့် ပြည့်ဝခြင်းရှိရန် ဖြစ်သည်။ သခင်ဘုရားကို ခေါ်ခြင်းနှင့် နှုတ်ကပတ်တော်ကို ဆုတောင်းဖတ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ ပြည့်ဝပြည့်စုံခြင်း၊ ကိုယ်တော်၏လျှံထွက်စီးဆင်းခြင်းဖြစ်လာရန် ကျေးဇူးတော်အပေါ် ကျေးဇူးတော်ထပ်ဆင့်ခြင်းအဖြစ် ကိုယ်တော်ကို စဉ်ဆက်မပြတ် လက်ခံရရှိနိုင်မည်ဖြစ်သည် - ၃း၈။ ၁း၂၃။ ၃း၁၉ခ။ ရော၊၁၀း၁၂-၁၃။ ဧ၊၆း၁၇-၁၈။ ယော၊၁း၁၆။

## IV. ခရစ်ယာန်အသက်တာကို အသက်ရှင်ခြင်းမှာ ကျွန်ုပ်တို့က သန့်ရှင်းသောဝိညာဉ်တော်၏ ထိန်းသိမ်းကြပ်မတ်ခြင်းကို လက်ခံရယူခြင်းဖြစ်သည်။

A. ဘုရားသခင်က ကျွန်ုပ်တို့၏ အရသာကို ဖယ်ရှားပြီး၊ ကျွန်ုပ်တို့က သန့်ရှင်းသောဝိညာဉ်တော်၏ ထိန်းသိမ်းကြပ်မတ်ပေးခြင်းကို လက်ခံရယူခြင်းအားဖြင့် ကျွန်ုပ်တို့၏ရနံ့ကို ပြောင်းလဲပေးလိုသည်၊ ယင်းမှာ ဘုရားသခင်က ကျွန်ုပ်တို့ ဇာတိအပြင်

လူ၏ အနည်များ၊ အနှစ်များကို ဖယ်ရှားခြင်းအတွက် ထည့်စရာတန်ဆာတစ်ခုမှ တန်ဆာတစ်ခုသို့ အလွတ်ဖြစ်စေပြီး၊ ကျွန်ုပ်တို့၌ ခရစ်တော်၏ စင်ကြယ်သောအရသာရှိလာ၍၊ ခရစ်တော်၏စင်ကြယ်သော မွေးရနံ့ကို ထွက်ပေါ်စေသည့်တိုင် ဖြစ်စေသည် - ယေ၊၄၈း၁၁။ ၂ကော၊၂း၁၄-၁၅။ သီ၊၄း၁၆။ ၂ဘုရင်၊၄း၈-၉။

1. "ဝိညာဉ်များ၏အဖ"သည် ဘေးဒုက္ခများနှင့် ဆုံးမတော်မူခြင်းတို့မှတစ်ဆင့် "ကျွန်ုပ်တို့ကို ကိုယ်တော်၏သန့်ရှင်းသော သဘောသဘာဝအား ပါဝင်ဆက်ဆံသူများဖြစ်စေရန်" ပြုပြင်ဆုံးမတော်မူသည် - ဟေဗြဲ၊၁၂း၄-၁၃။
2. ဘေးဒုက္ခများနှင့် ဆုံးမတော်မူခြင်းတို့ကို တစ်ခါမှ မဖြတ်ကျော်ဖူးသောသူတို့သည် ထည့်စရာတန်ဆာတစ်ခုမှ တစ်ခုသို့ လှယ်ခြင်း မခံဖူးသူများဖြစ်ကြသည်။ ထို့ကြောင့် သူတို့၏ဇာတိပင်ကိုစိတ်၊ သူတို့၏အပြင်လူ၊ သူတို့၏အတ္တ အနည်များ၊ အနှစ်များ၊ အဖတ်များ၏အရသာသည် သူတို့အတွင်း၌ ကျန်ရှိနေမြဲဖြစ်ကာ၊ သူတို့၏ရနံ့သည်လည်း မပြောင်းလဲခဲ့ပေ - ယေ၊၄၈း၁၁။ ရော၊၈း၂၈-၂၉။ သီ၊၄း၁၆။

B. မာရိသည် အလွန်အဖိုးထိုက်လှသော နာဒုဆီမွှေးစစ်တစ်ပေါင်နှင့် ပြည့်နေသော ကျောက်ဖြူခွက် ရှိခဲ့သည်။ သူမသည် ထိုခွက်ကို ခွဲ၍ သခင်ဘုရားအပေါ်မှာ သွန်းလောင်းသောအခါ "ထိုဆီ၏အမွှေးသည် တစ်အိမ်လုံးကို နံ့ပြားလေ၏" - ယော၊၁၂း၂-၃။ မာ၊၁၄း၃။ ညွှန်း၊ သီ၊၁း၁၂။

C. ကျောက်ဖြူခွက်သည် ကျွန်ုပ်တို့၏အပြင်လူကို ပုံဆောင်ပြီး၊ ယင်းသည် ကျိုးပဲ့ရန် လိုအပ်ကာ၊ ထိုသို့ဖြင့် အတွင်းလူသည် ထွက်ပေါ်လာနိုင်မည်ဖြစ်သည်။ သခင်ဘုရားသည် ကျွန်ုပ်တို့၌၊ ကျွန်ုပ်တို့အပေါ် များစွာသော နည်းလမ်းများဖြင့် လုပ်ဆောင်နေခြင်းမှာ မြေကြီးတန်ဆာ၊ ကျောက်ဖြူခွက်ဖြစ်သော အပြင်ပိုင်းအခွံကို ကျိုးပဲ့စေရန် ရည်ရွယ်ချက်အတွက်ဖြစ်သည် - ၂ကော၊၄း၇။ ယော၊၁၂း၃၊ ၂၄။ ရော၊၈း၂၈-၂၉။

D. ဇာတိအားဖြင့် ကျွန်ုပ်တို့ဖြစ်သောအရာသည် ဘာမျှမဟုတ်ပေ။ ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ဝိညာဉ်တော်က စေ့စပ်ထုံးဖွဲ့ပေးသည့်အရာသာလျှင် ရေတွက်ဝင်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏ ဆုံးမခြင်းသည် ကျွန်ုပ်တို့၏ဇာတိပင်ကိုစိတ်နှင့် အကျင့်များကို ဖျက်ဆီးပြီး၊ ရင့်ကျက်ခြင်းနှင့် ချိုမြိန်ခြင်း၌ သန့်ရှင်းသောဝိညာဉ်တော်၏ စေ့စပ်ထုံးဖွဲ့မှုကို ယူဆောင်လာသည်။ ဘုရားသခင်က ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ အရာခပ်သိမ်းအား ကျွန်ုပ်တို့ဇာတိဆိုင်ရာ ဖြစ်ခြင်းကို ဖြိုချရန် စီစဉ်ထားပြီး၊ ထိုသို့ဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့၌ အသစ်သောပင်ကိုစိတ်၊ အသစ်သော အကျင့်စာရိတ္တ၊ အသစ်သော ဂုဏ်အင်လက္ခဏာများကို ပုံပေါ်လာစေနိုင်မည်ဖြစ်သည် - ယော၊၃း၆။ ၂ကော၊၅း၁၇။ ဂလ၊၆း၁၅။

E. ကျိုးပဲ့မခံရခြင်းအတွက် အဓိက အကြောင်းရင်းနှစ်ခုရှိသည်။

1. လူတစ်ဦးသည် ကျိုးပဲ့မခံရခြင်းအကြောင်းမှာ သူသည် မှောင်မိုက်၌ ရှိနေခြင်းကြောင့် ဖြစ်သည်။ သူ့ထံသို့ ဖြစ်ပျက်သမျှအားလုံး၌ သူသည် အခြားသူများအပေါ် သို့မဟုတ် ပတ်ဝန်းကျင်အပေါ်မှာ အပြစ်ပုံချတတ်သည်။ သူ၌ ဘုရားသခင်၏ လက်တော်အကြောင်းနှင့် ဘုရားသခင်သည် ထိုသူကို ဆက်ဆံဖြေရှင်းသူဖြစ်ကြောင်း ဖွင့်ပြခြင်း မရရှိပေ - ညွှန်း၊ ယောဘ၊၁၀း၁၃။ ဧ၊၃း၉။
2. လူတစ်ဦးသည် ကျိုးပဲ့မခံရခြင်းအကြောင်းမှာ သူသည် မိမိကိုယ်ကို အလွန်ပင် ချစ်သောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်က ကျွန်ုပ်တို့ထံမှ အတ္တ-ချစ်ခြင်းအား ဖယ်ရှားပေးပါရန် တောင်းလျှောက်ရမည်။ နားလည်လွဲမှားမှုများနှင့် ကျေနပ်မှုမရှိခြင်းများအားလုံးသည် တစ်ခုတည်းသောအရာ - လျှို့ဝှက်သော အတ္တ-ချစ်ခြင်း မှထွက်ပေါ်လာခြင်းပင် ဖြစ်သည်။

F. ကျွန်ုပ်တို့ဖြတ်ကျော်လာခဲ့သည့် အရာခပ်သိမ်းသည် တစ်ခုတည်းသော အကြံအစည်သာ ရှိကြောင်း သိနားလည်ရန် လိုအပ်သည် - ယင်းမှာ ဘုရားသခင်၏အသက်သည် ကျွန်ုပ်တို့မှတစ်ဆင့် လွတ်မြောက်၍ ကျွန်ုပ်တို့၌ ထင်ရှားခြင်းရှိရန်ပင် ဖြစ်သည်။ အတွင်းလူသည် လွတ်မြောက်လာ၍ ထင်ရှားခြင်း ရှိလာသည့်အတိုင်းအတာသို့တိုင် ကျွန်ုပ်တို့၏အပြင်လူသည် ကျိုးပဲ့ကြေမွခြင်း ရှိပါစေသော။ ဤအရာသည် အဖိုးထိုက်လှပြီး၊ ဤအရာသည် သခင်ဘုရားအစေခံများ၏ လမ်းပင်ဖြစ်သည် - ယော၊၁၂း၂၄-၂၆။ ၂ကော၊၄း၁၂။

## ဝိညာဉ်လွတ်မြောက်ခြင်းနှင့် ဘုရားသခင်၏ထင်ရှားခြင်းအတွက် အပြင်လူ ကျိုးပဲ့ကြေမွခြင်းနှင့်စပ်လျဉ်းသည့် မိတ်သဟာယဖွဲ့ခြင်း

ဘုရားသခင်က ကျွန်ုပ်တို့အား အဘယ်ကြောင့် လောက၌ ထားရှိခဲ့ကြောင်း ကျွန်ုပ်တို့သိရမည်ဖြစ်သည်။ ကိုယ်တော်က ကျွန်ုပ်တို့ကို လောက၌ ထားရှိခြင်းမှာ ကျွန်ုပ်တို့၏ မျက်မှောက်သည် အပြစ်သားများ၊ ယုံကြည်သူများနှင့် လောကတို့၌ ဖြောင့်မတ်ခြင်းအတွက် ဆာလောင်ခြင်းနှင့် ငတ်မွတ်ခြင်းကို ဖြစ်ပေါ်စေဖို့အတွက် ဖြစ်သည်။ ကျွန်ုပ်တို့၏အလုပ်၌ ကျွန်ုပ်တို့သည် အခြားသူများအတွင်း၌ ဆာငတ်မှုကို ဖန်တီးရမည်ဖြစ်သည်။ ကျွန်ုပ်တို့အတွင်း၌ နားလည်ရခက်သော လန်းဆန်းမှု၊ တန်ခိုး၊ ကျေးမွေးမှုနှင့် မစမှု ရှိနေရမည်ဖြစ်ကာ၊ အခြားသူများအား ကျွန်ုပ်တို့မျက်မှောက်ရှိနေခြင်းအားဖြင့် ဘုရားသခင်ကို ရှာဖွေရန် ဆွဲဆောင်ခြင်း ရှိရမည်ဖြစ်သည်။ အခြားသူများသည် ကျွန်ုပ်တို့ကို တွေ့ဆုံခြင်းနှင့် ကျွန်ုပ်တို့ထံ စကားပြောခြင်း၏ ရလဒ်အနေဖြင့် ဘုရားသခင်ကို ရှာဖွေသည့် အလိုဆန္ဒ ရှိလာသင့်သည်။ ကျွန်ုပ်တို့က အခြားသူများအား အမြဲပင် သူတို့အတွင်း၌ ဘုရားသခင်အတွက် အလိုဆန္ဒတစ်ခု ဖန်တီးပေးခြင်းမရှိဘဲ၊ သူတို့ကို တွေ့ဆုံခြင်းနှင့် ဆက်သွယ်စကားပြောခြင်းသာရှိမည်ဆိုလျှင်၊ ယင်းမှာ ကျွန်ုပ်တို့ ရှုံးနေခြင်းဖြစ်ကြောင်း ဆိုလိုသည်။ ကျွန်ုပ်တို့က သမ္မာကျမ်းစာကို ဖတ်ခြင်း၊ ဆုတောင်းခြင်း၊ အစေခံခြင်းနှင့် ဧဝံဂေလိဟောပြောခြင်းတို့က လူအတွင်း၌ ထိုသို့ တန်ခိုးကြီးမားသော ဆာငတ်မှုကို မဖြစ်ပေါ်စေလျှင်၊ ကျွန်ုပ်တို့၏ အလုပ်သည် အရှုံးပေါ်နေခြင်းဖြစ်သည်။ (*The Collected Works of Watchman Nee,* vol. 42, p. 238)

ဘုရင်များဒုတိယစာစောင် ၄ က ရှုနင်မြို့သူမိန်းမက ဧလိရှဲကို ဧည့်ဝတ်ပြုခြင်းအကြောင်းကို ပြောထားသည်။ သမ္မာကျမ်းစာက “တစ်နေ့သ၌ ဧလိရှဲသည် ရှုနင်မြို့သို့သွားရာတွင်၊ ထိုမြို့၌ ချမ်းသာကြွယ်ဝသော မိန်းမတစ်ယောက်သည် ဧလိရှဲကို ကျွေးခြင်းငှာ ခေါ်ပင့်လေ၏။ နောက်မှ ထိုလမ်းသို့ သွားသောအခါခါ၊ ကျွေးခြင်းကို ခံအံ့သောငှာ ထိုအိမ်သို့ ဝင်တတ်၏။ မိန်းမကလည်း မိမိခင်ပွန်းအား ငါတို့နေရာလမ်းဖြင့် အစဉ် သွားလာသော ဤသူသည် ဘုရားသခင်၏ သန့်ရှင်းသောလူဖြစ်သည်ကို ကျွန်ုပ်ရိပ်မိ၏” ဟုပြောထားသည် (အငယ်၊ ၈-၉)။ ဧလိရှဲသည် ရှုနင်မြို့ကို ဖြတ်သွားခဲ့သည်။ သူသည် မည်သည့်ဝေငှချက်ကိုမျှ မပြောခဲ့ပါ သို့မဟုတ် အံ့ဖွယ်နိမိတ်လက္ခဏာတစ်ခုကိုမျှ မလုပ်ခဲ့ပါ။ သူသည် ဖြတ်သွားသောအခါတိုင်း လှည့်လာ၍ ထိုနေရာမှာ အစာသုံးဆောင်လေသည်။ ထိုမိန်းမက သူ့အား သူအစာစားသည့် နည်းလမ်းအားဖြင့် ဘုရားသခင်၏လူတစ်ဦးဖြစ်ကြောင်း ခွဲခြားသိမြင်နိုင်ခဲ့လေသည်။ ဤသည်မှာ ဧလိရှဲက အခြားသူများထံ စွဲမှတ်စေသည့် အရာပင် ဖြစ်သည်။

ယနေ့ ကျွန်ုပ်တို့သည် မိမိကိုယ်ကို မေးရမည် “ကျွန်ုပ်တို့က အခြားသူများအား မည်သည့်အရာကို စွဲမှတ်စေပါသနည်း။ ကျွန်ုပ်တို့ထံမှ ထွက်လာသည့်အရာသည် အဘယ်နည်း?” ကျွန်ုပ်တို့က အပြင်လူကျိုးပဲ့ကြေမွရမည်ဟု ထပ်ခါထပ်ခါ ပြောခဲ့ကြပြီ။ အပြင်လူသည် ကျိုးပဲ့ကြေမွခြင်းမရှိလျှင် ကျွန်ုပ်တို့ထံမှ အခြားသူများ စွဲမှတ်သွားမည့်အရာသည် အပြင်လူသာဖြစ်မည်ဖြစ်ပြီး၊ အခြားမရှိပေ။ ကျွန်ုပ်တို့က အခြားသူများကို ဆက်သွယ်သည့်အခါတိုင်း၊ ကျွန်ုပ်တို့သည် အတ္တကိုချစ်ခြင်း၊ ခေါင်းမာခြင်းနှင့် မာနကြီးခြင်းဟူသော နှစ်လိုဖွယ်မရှိသည့် ခံစားမှုကို ပေးကောင်းပေးနိုင်သည်။ သို့မဟုတ် ကျွန်ုပ်တို့သည် အလွန်တော်ကြောင်း၊ အလွန်အမင်း စကားပြောကောင်းလှကြောင်း စွဲမှတ်စေခြင်း ပေးကောင်းပေးနိုင်သည်။ ကျွန်ုပ်တို့က အခြားသူများအား ကောင်းမွန်ပါသည်ဟုဆိုသော စွဲမှတ်စေခြင်း ပေးကောင်းပေးနိုင်သည်။ သို့သော် ဤစွဲမှတ်စေခြင်းသည် ဘုရားသခင်ကို ကျေနပ်စေပါသလား? ၎င်းသည် အသင်းတော်၏လိုအပ်မှုကို ဖြည့်ဆည်းပါသလား? ဘုရားသခင်သည် ကျေနပ်နှစ်သိမ့်ခြင်းမရှိသလို၊ အသင်းတော်သည် ကျွန်ုပ်တို့၏ ကောင်းမွန်ပါသည်ဟုဆိုသော စွဲမှတ်စေခြင်းများကို မလိုအပ်ပေ။

ကျွန်ုပ်တို့၏အပြင်လူသည် ကျိုးပဲ့ကြေမွခြင်းမရှိလျှင် ကျွန်ုပ်တို့၏ဝိညာဉ်သည် လွတ်မြောက်နိုင်မည်မဟုတ်ပါ၊ အခြားသူများအား စွဲမှတ်စေသည့်အရာမှာ ဝိညာဉ်၏စွဲမှတ်စေခြင်း ဖြစ်မည်မဟုတ်ပေ။

အခြားသူများ၌ စွဲမှတ်ထင်ကျန်စေသည့်အရာသည် ကျွန်ုပ်တို့ကိုယ်တိုင်၌ ရှိနေသည့် အသန်စွမ်းဆုံးသော အပိုင်းကဏ္ဍဖြစ်သည်။ (*The Collected Works of Watchman Nee,* vol. 54, “The Breaking of the Outer Man and the Release of the Spirit, pp. 238, 237)

*© 2024 Living Stream Ministry*

Message Two

**ကိုင်းဆက်ခံရသော အသက်တာ**

ဖတ်ရန်ကျမ်း။ ။ ယော၁၅း၁၊ ၄-၅။ ရော၁၁း၁၇-၂၄။ ၁ကော၆း၁၇

I. **ခရစ်တော်၌ ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့သည် ကိုင်းဆက်ခံရသော အသက်တာ - သခင်ဘုရားနှင့် ကျွန်ုပ်တို့ တစ်ဝိညာဉ်တည်းဖြစ်ကာ၊ ကိုယ်တော်နှင့်အတူ ရှင်သန်သောပေါင်းစည်းဆက်နွယ်၌ရှိသော အသက်တာကို အသက်ရှင်သင့်သည် - ၁ကော၊ ၆း၁၇။ ယော၁၅း၄။**

II. **သမ္မာကျမ်းစာက ဘုရားသခင်သည် လူနှင့်အတူ ရရှိလိုသော ဆက်နွယ်မှုမှာ ကိုယ်တော်နှင့်လူသည် တစ်လုံးတစ်ဝတည်းဖြစ်လာရန်ပင်ဖြစ်ကြောင်း ဖွင့်ပြထားသည် - ၁ကော၆း၁၇။**

A. ဘုရားသခင်သည် ဘုရားအသက်နှင့် လူသားအသက် အတူတကွ ပေါင်းစည်းဆက်နွယ်ကာ အသက်တစ်ခုတည်း ဖြစ်လာစေရန် အလိုတော်ရှိသည် - ယော၊ ၁၅း၁၊ ၄-၅။

B. ဤတစ်လုံးတစ်ဝတည်းဖြစ်ခြင်းသည် ရှင်သန်သော ပေါင်းစည်းခြင်း၊ အသက်၌ ပေါင်းစည်းခြင်း -ကိုင်းဆက်ခံရသော အသက်တာ ဖြစ်သည်။

C. ဘုရားအသက်နှင့် လူသားအသက်သည် တစ်ခုတည်းအဖြစ်သို့ ကိုင်းဆက်ခံရခြင်း ခံယူချက်မှာ နက်နဲပြီး၊ ဇာတိ ခံယူချက်ထက် ကျော်လွန်ကာ၊ လူသားစဉ်းစားခြင်းအဖို့ ခြားနားသောအရာ ဖြစ်သည်။

III. **ကိုင်းဆက်ခြင်း၌ ဆင်တူသောအသက်နှစ်ခုသည် ပေါင်းစည်းဆက်နွယ်ပြီး၊ ထိုနောက် အတူတကွ ကြီးထွားလာခြင်း ဖြစ်သည် - ရော၊ ၁၁း၁၇-၂၄။**

A. ကိုင်းဆက်ခြင်းသည် ကိုင်းဆက်မည့်အသက်နှစ်ခုလုံး ဆင်တူဖြစ်မှသာလျှင် အကျိုးထိရောက်နိုင်မည်ဖြစ်သည်။

B. ကျွန်ုပ်တို့၏ လူသားအသက်သည် ဘုရားသခင်၏ ပုံသဏ္ဍာန်တော်၌ ဘုရားသခင်၏သဏ္ဍာန်နှင့် တစ်ညီတည်းဖြစ်ခြင်းအတိုင်း ပြုလုပ်ခံရသောကြောင့်၊ ၎င်းသည် ဘုရားအသက်နှင့် ပေါင်းစည်းဆက်နွယ်နိုင်ခြင်း ဖြစ်သည်။

C. ကျွန်ုပ်တို့၏ လူသားအသက်သည် ဘုရားဆိုင်ရာအသက်နှင့် ဆင်တူသည်။ ထို့ကြောင့် ဘုရားအသက်နှင့် လူသားအသက် အတူတကွ ကိုင်းဆက်နိုင်ပြီး၊ အသက်ဆိုင်ရာ အတူတကွ ကြီးထွားနိုင်ခြင်း ဖြစ်သည်။

IV. **ကျွန်ုပ်တို့သည် ခရစ်တော်အထဲသို့ ကိုင်းဆက်ခြင်းခံရရန်အလို့ငှာ ကိုယ်တော်သည် လူ့ဇာတိခံခြင်း၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း ဖြစ်စဉ်တို့ကို ဖြတ်ကျော်ခဲ့ရသည်။**

A. ခရစ်တော်သည် ဒါဝိဒ်၏မျိုးစေ့၊ ဒါဝိဒ်၏အကိုင်းအခက်၊ အညွှန့်ဖြစ်ရန် အသွေးအသားဖြစ်လာခဲ့သည်။ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူတကွ ကိုင်းဆက်ခံရနိုင်မည်ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကဲ့သို့ ဖြစ်လာတော်မူခဲ့သည်၊ သို့မှသာ ကိုယ်တော်နှင့် ကျွန်ုပ်တို့သည် အတူတကွ ကိုင်းဆက်ခြင်းရှိနိုင်မည် ဖြစ်သည်-ယော၊၁း၁၄။ မ၊၁း၁။ ဇာ၊၃း၈။ ယေ၊၂၃း၅။ ၃၃း၁၅။

B. ခရစ်တော်သည် ကားတိုင်ပေါ် "ဖြတ်တောက်"ခံရသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်အထဲသို့ ကိုင်းဆက်ခြင်း ရှိနိုင်မည်ဖြစ်သည်။

1. ခရစ်တော်သည် ဒါဝိဒ်၏အကိုင်းအခက် ဖြစ်လာခြင်းမှာ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ ပေါင်းစည်းနိုင်သည်ဟု မဆိုလိုပါ။

2. ကိုင်းဆက်ခြင်းမှာ ဖြတ်တောက်ခြင်း လိုအပ်သည်။ အကိုင်းနှစ်ခုလုံးသည် ဖြတ်တောက်ထားခြင်းမရှိပါက အတူတကွ ကိုင်းဆက်နိုင်မည် မဟုတ်ပါ။

a. ခရစ်တော်သည် ကားတိုင်ပေါ် ကိုယ်တော် အသေခံသောအခါ ဖြတ်တောက်ခြင်း ခံတော်မူသည်။

b. ကျွန်ုပ်တို့သည် နောင်တရ၍ သခင်ဘုရားကို လက်ခံသောအခါ ဖြတ်တောက်ခြင်း ခံရသည်။

3. ဖြတ်တောက်ခြင်းဖြစ်ပေါ် ပြီးနောက် ပေါင်းစည်းဆက်နွယ်ခြင်းနှင့် အသက်ဆိုင်ရာပေါင်းစည်းခြင်းသည် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ထို့ကြောင့် ကိုင်းဆက်ခြင်း၌ ကျွန်ုပ်တို့သည် ဖြတ်တောက်ခြင်း၊ ပေါင်းစည်းဆက်နွယ်ခြင်း၊ အသက်ဆိုင်ရာပေါင်းစည်းခြင်းတို့ကို ရရှိသည်။

C. ခရစ်တော်သည် ကားတိုင်ပေါ်မှာ ဖြတ်တောက်ခံပြီးနောက် ကိုယ်တော်သည် အသက်ပေးသော ဝိညာဉ်တော် ဖြစ်လာရန် ရှင်ပြန်ထမြောက်တော်မူခဲ့သည် - ၁ကော၊ ၁၅း၄၅ခ။ ၂ကော၊ ၃း၁၇က။

1. ထိုသို့သောဝိညာဉ်တော် ဖြစ်လာခြင်းအားဖြင့် ခရစ်တော်သည် ကိုင်းဆက်ရန်အတွက် အဆင်သင့် ဖြစ်မည် ဖြစ်သည်။
2. ကျွန်ုပ်တို့သည် နောင်တရ၍ သခင်ဘုရားကို လက်ခံလိုက်သည်နှင့် ကိုယ်တော်သည် အသက်ပေးသော ဝိညာဉ်တော်အဖြစ် ကျွန်ုပ်တို့ ဝိညာဉ်အထဲသို့ ဝင်ရောက်ကာ၊ ဘုရားအသက်ကို ကျွန်ုပ်တို့အထဲသို့ ယူဆောင်လာပေးပြီး ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူတကွ ကိုင်းဆက်ခံရသည် - ယော၊ ၂၀း၂၂။ ရော၊၈း၁၁။
   a. ဤအသက်သည် သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း အသက် ဖြစ်သည်။
   b. အသက်ပေးသော ဝိညာဉ်တော်အဖြစ် ခရစ်တော်သည် သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းသို့ သော့ကို ကျွန်ုပ်တို့ယုံကြည်သူများအထဲသို့ ယူဆောင်လာပေး၍၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် အသေခံ၍ ထမြောက်ခြင်း ရှိနိုင်မည်ဖြစ်သည် - ဂလ၊ ၂း၂၀။
   c. ဤသေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း၌ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူတကွ ကိုင်းဆက်ခြင်းခံရသည်။

**V. အသစ်တဖန်မွေးဖွားခြင်း ခံရသူများအနေနှင့် ကျွန်ုပ်တို့သည် ကိုင်းဆက်သောအသက်တာ - ရှင်သန်စွာ ကြီးထွားရန် အုပ်စုနှစ်ခုသည် အတူပေါင်းစည်းခြင်း အသက်တာ - ကို အသက်ရှင်သင့်သည် - ယော၊ ၁၅း၁၊ ၄-၅။**

A. ကျွန်ုပ်တို့သည် ခရစ်တော်အထဲသို့ ကိုင်းဆက်ခံရပြီးနောက် ကျွန်ုပ်တို့ မိမိတို့ကိုယ်တိုင်အားဖြင့် အသက်မရှင်သင့်တော့ပါ၊ ယင်းအစား နျူမက်တစ်ခရစ်တော်ကို ကျွန်ုပ်တို့အထဲ၌ အသက်ရှင်ရန် အခွင့်ပေးသင့်ပါသည် - ဂလ၊ ၂း၂၀။

B. ကျွန်ုပ်တို့သည် မိမိတို့၏အသွေးအသားအားဖြင့် သို့မဟုတ် ကျွန်ုပ်တို့၏ ဇာတိဖြစ်ခြင်းအားဖြင့် အသက်မရှင်သင့်တော့ပါ။ ယင်းအစား ကျွန်ုပ်တို့၏ အသစ်တစ်ဖန်မွေးဖွားသော ဝိညာဉ်၊ ခရစ်တော်နှင့် ကိုင်းဆက်ထားသော ဝိညာဉ်၌ အသက်ရှင်သင့်သည် - ရော၊ ၈း၄။

C. ဤကိုင်းဆက်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် ပေါင်းစည်းကြပြီး၊ ကိုယ်တော်နှင့် ရောနှောကြကာ၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်လာရန် ကိုယ်တော်နှင့် ပေါင်းစည်းပါဝင်ခြင်း ရှိကြသည် -၁၂း၄-၅။

**VI. ကိုင်းဆက်သောအသက်တာသည် အလဲအလှယ်လုပ်သော အသက်မဟုတ်ဘဲ၊ လူသားအသက်နှင့် ဘုရားအသက် ရောနှောပေါင်းစည်းခြင်း ဖြစ်သည် - ဂလ၊ ၂း၂၀။**

A. အလဲအလှယ်လုပ်သော အသက်၏ ခံယူချက်မှာ ကျွန်ုပ်တို့၏ လူသားအသက်ကို သခင်ဘုရားထံသို့ ပေးအပ်ပြီး၊ ကိုယ်တော်သည် ၎င်းကို သူ၏ ဘုရားအသက်နှင့် အစားထိုးခြင်း ဖြစ်သည်။

B. ခရစ်ယာန်အသက်တာသည် အလဲအလှယ်လုပ်သော အသက်တာ မဟုတ်ဘဲ၊ ကိုင်းဆက်ခံရသော အသက်တာ - လူသားအသက်နှင့် ဘုရားအသက်၏ ရောနှောပေါင်းစည်းခြင်း အသက်တာ ဖြစ်သည် - ရော၊ ၆း၃-၅။ ယော၊ ၁၅း၁၊ ၄-၅။

1. ထိုနေရာတွင် အသက်များကို အလဲအလှယ်လုပ်ခြင်း သို့မဟုတ် အရောင်းအဝယ်လုပ်ခြင်း မရှိပါ။
2. အလဲအလှယ်လုပ်ခြင်းအစား ဘုရားအသက်ကို လူသားအသက်အထဲသို့ ဝေငှဖြန့်ဖြူးခြင်း၊ ဖြည့်သွင်းပေးခြင်း၊ ဘုရားအသက်နှင့် လူသားအသက် ရောနှောပေါင်းစည်းခြင်းသာ ရှိသည်။

C. ခရစ်ယာန် တွေ့ကြုံခံစားခြင်း၌ အံ့သြဖွယ် အကောင်းဆုံးသော စစ်မှန်ခြင်းမှာ ခရစ်တော်၌ ယုံကြည်သူများသည် အသက်၏နည်းလမ်း၌ ခရစ်တော်နှင့်အတူ ပေါင်းစည်းဆက်နွယ်ခြင်းဖြစ်သည် - ၁ကော၊၆း၁၇။

1. ခရစ်တော် ဖြစ်တော်မူသမျှနှင့် ကိုယ်တော်ပြုတော်မူသမျှတို့သည် တစ်ခုတည်းသောအရာအတွက်ဖြစ်သည် - ယင်းမှာ ကိုယ်တော်နှင့် ကျွန်ုပ်တို့သည် ရှင်သန်သော ပေါင်းစည်းခြင်းရှိပြီး၊ ကိုင်းဆက်သော အသက်တာကို အသက်ရှင်နိုင်ရန် ဖြစ်သည် - ယော၊၁၅း၄-၅။

2. ကိုယ်တော်၏ ပြန်လည်ရယူခြင်း၌ သခင်ဘုရားသည် ကိုင်းဆက်ခံရသော အသက်တာ အကြောင်းအရာတည်းဟူသော ဤလျစ်လျူရှုခံရသော အကြောင်းအရာကို ပြန်လည်ရယူတော်မူသည်။

**VII. ကိုင်းဆက်ခံရသောအသက်တာ၌ လူသားအသက်ကို ဖယ်ရှားလိုက်ခြင်းမဟုတ်ဘဲ၊ ဘုရားအသက်အားဖြင့် ခွန်အားဖြည့်ပေးခြင်း၊ မြှင့်တင်ပေးခြင်းနှင့် ကြွယ်ဝစေခြင်းခံရသည် -ရော၊ ၁၁း၁၇-၂၄။**

A. ကိုင်းဆက်ခံရသောအသက်တာ၌ အကိုင်းအခက်သည် ၎င်း၏ တူညီ၍ မရှိမဖြစ်လိုအပ်သော ဝိသေသလက္ခဏာများကို ထိန်းသိမ်းထားဆဲဖြစ်သော်လည်း၊ ၎င်း၏အသက်သည် ပိုမိုကောင်းမွန်သော အသက်အထဲသို့ ကိုင်းဆက်ခြင်းဖြင့် မြှင့်တင်ခံရကာ ပုံသဏ္ဌာန်ပြောင်းလဲသွားသည်။

1. ပိုမိုမြင့်မားသော အသက်သည် နိမ့်ကျသောအသက်ကို အနိုင်ယူလွှမ်းမိုးသည်။
2. ပိုမိုမြင့်မားသော အသက်သည် နိမ့်ကျသောအသက်ကို ကြွယ်ဝစေကာ၊ မြှင့်တင်၍ ပုံသဏ္ဌာန်ပြောင်းလဲပေးသည်။

B. ကိုင်းဆက်ခံရသော အသက်၌ ဘုရားအသက်သည် ကျွန်ုပ်တို့အတွင်း၌ လုပ်ဆောင်ပေးကာ အနုတ်လက္ခဏာဆောင်သော ဒြပ်သဘာဝများကို ဖယ်ထုတ်ပေးသည် - ၂ကော၊ ၃း၁၈။

1. ဘုရားအသက်သည် ဇာတိဆိုင်ရာမှန်သမျှကို ဖယ်ထုတ်ရန် တဖြည်းဖြည်းနည်းလမ်းဖြင့် လုပ်ဆောင်သည်။
2. ကျွန်ုပ်တို့၏ ပင်ကိုစိတ်ရှိ အနုတ်လက္ခဏာဆိုင်ရာ ဒြပ်သဘာဝကို သေစေပြီးနောက် ကျွန်ုပ်တို့၏ ပင်ကိုစိတ်ကို ဖယ်ရှားမည့်အစား သခင်ဘုရားသည် ၎င်းကို မြှင့်တင်ကာ၊ အသုံးပြုတော်မူသည်။

C. ကိုင်းဆက်ခံရသောအသက်တာ၌ ဘုရားအသက်သည် ဘုရားသခင်၏ နဂိုမူလ ဖန်ဆင်းခြင်းကို ရှင်ပြန်ထမြောက်စေသည် - ယော၊၁၁း၂၅။

1. ကိုယ်တော်၏ ဖန်ဆင်းခြင်းကို စွန့်လွှတ်လိုက်မည့်အစား ဘုရားသခင်သည် ၎င်းကို ပြန်ရယူခဲ့သည်။
2. ဘုရားသခင်သည် ကျွန်ုပ်တို့ ဖြစ်ခြင်းသွင်ပြင်အားလုံးကို ရှင်ပြန်ထမြောက်စေရန် ရည်ရွယ်တော်မူသည် - ဖိ၊ ၃း၁၁။
   a. ဘုရားအသက်သည် အနုတ်လက္ခဏာအရာများကို ဖယ်ထုတ်ပေးသည်နှင့်အမျှ၊ ၎င်းသည် ဘုရားသခင်၏ နဂိုမူလ ဖန်ဆင်းခြင်းကို ရှင်ပြန်ထမြောက်စေရန် လုပ်ဆောင်လျက်ရှိသည်။
   b. ဤနည်းအားဖြင့် ကျွန်ုပ်တို့၏ မူလလုပ်ဆောင်ချက်များဖြစ်သော - ဖန်ဆင်းခြင်း၌ ကျွန်ုပ်တို့အား ပေးအပ်ခံရသော လုပ်ဆောင်ချက်များ- သည် ပြန်လည်ရရှိကာ၊ ခွန်အားခိုင်ခဲ့လာပြီး ကြွယ်ဝခြင်းရှိလာသည် - ဂလ၊၂း၂၀။

D. ကိုင်းဆက်ခံရသောအသက်တာ၌ ဘုရားအသက်သည် ကျွန်ုပ်တို့၏ ဖြစ်ခြင်းအတွင်းပိုင်းများသို့ ခရစ်တော်၏ ကြွယ်ဝခြင်းများကို မစထောက်ပံ့ပေးသည် - ရော၊၁၂း၂။

1. ကျွန်ုပ်တို့၏ ရှင်ပြန်ထမြောက်ပြီး၊ မြှင့်တင်ခြင်းခံရသော စွမ်းရည်သည် ခရစ်တော်၏ကြွယ်ဝခြင်းများနှင့် မစထောက်ပံ့ ခံရသည်။
2. ထိုသို့သော ထောက်ပံ့မစပေးခြင်းအားဖြင့် ကျွန်ုပ်တို့သည် အသိဉာဏ်၊ ခံစားမှုနှင့် အလိုဆန္ဒတို့၌ အသစ်ပြုပြင်ခံရကြသည်။

E. ကိုင်းဆက်ခံရသောအသက်တာ၌ ဘုရားအသက်သည် ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံးကို ပျော်ဝင်ပြည့်ဝစေသည် - ၈း၂၉-၃၀။

1. ခရစ်တော်၏ ကြွယ်ဝခြင်းများသည် ကျွန်ုပ်တို့အား ပျော်ဝင်ပြည့်ဝစေကာ၊ ကျွန်ုပ်တို့ကို ပုံသဏ္ဌာန်ပြောင်းလဲပေးသည် -၁၂း၂။ ၂ကော၊ ၃း၁၈။
2. ဤဘုရားအသက်၏ ပျော်ဝင်ပြည့်ဝခြင်းအားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်၏ ပုံသဏ္ဌာန်တော်သို့ သဏ္ဌာန်တူညီလာကြသည် - ရော၊ ၈း၂၉။

© 2024 Living Stream Ministry

Message Three

**သန့်ရှင်းသော ဘိသိက်ပေးသည့်ဆီအဖြစ် ပေါင်းစပ်ထားသည့် နံ့သာဆီ၏ ပင်ကိုမူလပုံဆောင်ချက်နှင့် ဖွင့်ပြခြင်း - အဆင့်ဆင့်ဖြတ်ကျော်ခဲ့သော သုံးပါးတစ်ပါးဘုရား၏ ပေါင်းစပ်ထားသော၊ အရာအားလုံးပါဝင်သောဝိညာဉ်တော်၏ ပြည့်ဝသောပုံဆောင်ချက်**

ဖတ်ရန်ကျမ်း။ ။ ထွ၊၃၀း၂၂-၃၀။ ၁ကော၊၁၅း၄၅ခ။ ယော၊၇း၃၇-၃၉။ ဖိ၊၁း၁၉

**I. သန့်ရှင်းသော ဘိသိက်ပေးသည့်ဆီ၊ "ဆေးသမားအတတ်နှင့် မွှေးသော နံ့သာဆီကို ဖော်တတ်သည်အတိုင်း "သံလွင်ဆီနှင့် နံ့သာမျိုးလေးမျိုး ပေါင်းစပ်ထားသော နံ့သာဆီသည် အဆင့်ဆင့်ဖြတ်ကျော်ခဲ့သည့် သုံးပါးတစ်ပါးဘုရား၏ ပေါင်းစပ်ထားသော၊ အရာအားလုံးပါဝင်သော၊ အသက်ပေးသော ဝိညာဉ်တော် တည်းဟူသော ခရစ်တော်က ကိုယ်တော်အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ဖြစ်လာခဲ့ခြင်းဖြစ်သော ယေရှုခရစ်၏ ဝိညာဉ်တော် အပြည့်အဝပုံဆောင်ချက် ဖြစ်သည် - ထွ၊၃၀း၂၂-၂၅။ ၁ကော၊၁၅း၄၅ခ။ ယော၊၇း၃၇-၃၉။ ဖိ၊၁း၁၉။**

A. ဤပေါင်းစပ်ထားသော ဘိသိက်ဆီ၏ ပါဝင်သောအရာများ၏ ပုံဆောင်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

1. မြုပ်နှံသင်္ဂြိုဟ်ခြင်း၌ အသုံးပြုသည့်နံ့သာဖြစ်သော (ယော၊၁၉း၃၉) စီးနေသော မုရန် သည် ခရစ်တော်၏ အဖိုးထိုက်သော အသေခံခြင်းကို ပုံဆောင်သည် (ရော၊၆း၃)။

   a. မုရန်သည် သေခြင်းဒုက္ခဝေဒနာကို လျော့ပါးစေရန် အကိုက်အခဲပျောက်ဆေးအဖြစ်လည်း အသုံးပြုသည်။ သခင်ယေရှုသည် ကားတိုင်ပေါ်အသေခံသောအခါ ကိုယ်တော်အား ကိုယ်တော်၏နာကျင်မှုကို လျော့ပါးစေရန် မုရန်နှင့် ရောသော စပျစ်ဝိုင်ကို ဆက်သခဲ့ကြသည် - မာ၊၁၅း၂၃။

   b. မုရန်သည် ခန္ဓာကိုယ်က မှားယွင်းသည့် အသက်ရည်စစ်ထုတ်ပေးခြင်းမျိုး ရှိသည့်အခါ ယင်းကို အနာငြိမ်းစေဖို့ အတွက်လည်း အသုံးပြုနိုင်သည်။ ကျွန်ုပ်တို့၏လူသားအသက်တာ၌ များစွာသော မှားယွင်းသည့် အသက်ရည်စစ်ထုတ်ပေးခြင်းများ ရှိခဲ့သည်၊ သို့သော် ကားတိုင်ပေါ် သခင်ဘုရားအသေခံတော်မူခြင်းက ဤပြဿနာကို ဖြေရှင်းပေးခဲ့သည်။

2. မွှေးသော သစ်ကြံပိုးသည် ခရစ်တော်အသေခံခြင်း၏ ချိုမြိန်ခြင်းနှင့် အကျိုးသက်ရောက်မှုကို ပုံဆောင်သည် - ရော၊၈း၁၃။

   a. သစ်ကြံပိုးသည် အားနည်းသော နှလုံးကို တက်ကြွလန်းဆန်းစေသော ဆေးဝါးဖြစ်သည်။

   b. ကျွန်ုပ်တို့သည် ဝိညာဉ်တော်၌ သခင်ဘုရား၏အသေခံတော်မူခြင်းကို ကျွန်ုပ်တို့၏ဖြစ်ခြင်းသို့ ယူဆောင်လျှောက်လှမ်းသည့်အခါ ကျွန်ုပ်တို့၏စိတ်နှလုံးသည် သခင်ဘုရား၌ ကျွန်ုပ်တို့အား ပျော်ရွှင်ခြင်းနှင့် ဝမ်းမြောက်ရွှင်လန်းခြင်းဖြစ်စေခြင်းဌာ တက်ကြွလန်းဆန်းလာလေသည် - ဖိ၊၄း၄။ နေ၊၈း၁၀။

3. မွှေးသောကြံသည် စိမ့်တော သို့မဟုတ် ရွှံ့ထူထပ်သောနေရာတွင် အထက်သို့ မတ်မတ်တက်၍ ကြီးထွားသော ကျူပင်မှုလာပြီး၊ ခရစ်တော်၏ အဖိုးထိုက်သော ရှင်ပြန်ထမြောက်ခြင်းကို ပုံဆောင်သည် - ဧ၊၂း၆။ ကော၊၃း၁။ ၁ပေ၊၁း၃။

4. သစ်ကြံပိုးတစ်မျိုးသည် ရှေးကာလ၌ ပိုးကောင်များနှင့် မြွေများကို နှိမ်နင်းသောဆေးအဖြစ် အသုံးပြုခံရပြီး၊ ခရစ်တော် ရှင်ပြန်ထမြောက်ခြင်း၏ တွန်းလှန်နိုင်သော တန်ခိုးတော်ကို ပုံဆောင်သည်။ သစ်ကြံပိုးတစ်မျိုးသည် ဆိုးညစ်သော "ပိုးမွှားများ"အားလုံး၊ အထူးသဖြင့် ရှေးမြွေဟောင်း တည်းဟူသော မာရ်နတ်ကို တွန်းလှန်နှိမ်နင်းသည် - ဖိ၊၃း၁၀။

5. ပေါင်းစပ်ထားသောနံ့သာဆီ၏ အခြေခံအဖြစ် သံလွင်ဆီသည် ပေါင်းစပ်ထားသော ဝိညာဉ်တော်၏ အခြေခံအဖြစ် ဘုရားသခင်၏ဝိညာဉ်တော်ကို ပုံဆောင်သည် - က၊၁း၂။

B. နံပါတ်လေးသည် ဖန်ဆင်းခံများကို ပုံဆောင်ပြီး (ယေဇ၊၁း၅)၊ ယင်း၌ လူသည် ဦးခေါင်းဖြစ်ကာ (က၊၁း၂၆)၊ နံပါတ်တစ်သည် တစ်နိုင်းရာမဲ့ဘုရားသခင်ကို ပုံဆောင်ခြင်း ဖြစ်သောကြောင့် (တရား၊၄း၃၅။ ၁တိ၊၂း၅)၊ နံ့သာမျိုးလေးမျိုးသည် ဘုရားသခင်

၏ဖန်ဆင်းခြင်း၌ ခရစ်တော်၏ လူသားဇာတိကို ပုံဆောင်၍၊ သံလွင်ဆီတစ်ဟိန်သည် ကိုယ်တော်၏ဘုရားဇာတိနှင့်အတူ တုနှိုင်းရာမဲ့ ဘုရားသခင်ကို ပုံဆောင်သည်။ သို့ဖြစ်၍ သံလွင်ဆီနှင့် နံ့သာမျိုးလေးမျိုး၏ ပေါင်းစည်းခြင်းသည် ပေါင်းစပ်ထားသော ဝိညာဉ်တော်၌ ဘုရားနှင့်လူ၊ ဘုရားဇာတိနှင့် လူသားဇာတိ ပေါင်းစပ်ခြင်း၊ ရောနှောခြင်းကို ပုံဆောင်ခြင်းဖြစ်သည် - ဝတ်၊၂း၄ နှင့် မှတ်စု ၃။

C. သံလွင်ဆီနှင့် နံ့သာမျိုးလေးမျိုးအားလုံးသည် ကြိတ်နယ်ခြင်း သို့မဟုတ် ဖြတ်တောက်ခြင်း ဖြစ်စဉ်တစ်ခုခုမှတစ်ဆင့် ပြင်ဆင်ခံရခြင်းဖြစ်ကာ၊ ဘုရားသခင်၏ဝိညာဉ်တော်သည် ခရစ်တော်၏ဝိညာဉ်တော်ဖြစ်လာ၍ (ရော၊၈း၉)၊ ယင်းမှာ ခရစ်တော်၏ ဒုက္ခခံစားခြင်းများမှတစ်ဆင့်ဖြစ်ကြောင်း (မ၊၂၆း၃၆) ပုံဆောင်သည်။

D. ထို့မျှမက၊ နံ့သာမျိုးလေးမျိုး၏ ပမာဏသည် ရှကယ်ငါးရာစီ ပြည့်စုံသော ယူနစ်သုံးခုဖြစ်လျက်၊ အလယ်မှ ရှကယ်ငါးရာသည် အပိုင်းနှစ်ပိုင်းအဖြစ်သို့ ပိုင်းခြားထားခြင်းမှာ ရှင်ပြန်ထမြောက်ခြင်း၌ သုံးပါးတစ်ပါးဘုရားကို ပုံဆောင်၍၊ ဒုတိယဖြစ်သော သားတော်သည် ကားတိုင်ပေါ် ကိုယ်တော်အသေခံခြင်းအားဖြင့် "ပိုင်းခြား" ခံရခြင်းကို ပုံဆောင်သည်။

E. သမ္မာကျမ်းစာ၌ နံပါတ်ငါးသည် တာဝန်ရှိခြင်းအတွက် နံပါတ်ဖြစ်သောကြောင့် (၂၅း၂ နှင့် မှတ်စု ၁)၊ ပေါင်းစပ်ထားသော နံ့သာဆီရှိ ဒြပ်သဘာဝငါးခုနှင့် နံ့သာမျိုးလေးမျိုး၏ ရှကယ်ငါးရာစီ ယူနစ်သုံးခုတို့မှာ တာဝန်ကို ထမ်းဆောင်ခြင်းအတွက် တန်ခိုး၊ စွမ်းဆောင်ရည်အဖြစ် ရှင်ပြန်ထမြောက်ခြင်း၌ရှိသော သုံးပါးတစ်ပါးဘုရားကို ပုံဆောင်ခြင်းဖြစ်သည်။

F. နံပါတ်သုံးနှင့် ငါးသည် ဘုရားသခင့် တည်ဆောက်ခြင်းနှင့် ဆက်နွှယ်နေကြသောကြောင့် (ကမ္ဘာဦး ၆ ရှိ မှတ်စု ၁၅၂ ကို ကြည့်ပါ) ပေါင်းစပ်ထားသော နံ့သာဆီရှိ ဤနံပါတ်များသည် ပေါင်းစပ်ထားသော ဝိညာဉ်တော်၌ ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် ဒြပ်သဘာဝပါရှိနေကြောင်း ပုံဆောင်သည်။

G. အထက်ဖော်ပြပါ ပုံဆောင်ချက်များအပေါ် အခြေခံ၍ သံလွင်ဆီနှင့်အတူ နံ့သာမျိုးလေးမျိုးကို ပေါင်းစပ်ကာ ဘိသိက်ဆီကို ပြုလုပ်ခြင်းမှာ အထက်ဖော်ပြပါ ဒြပ်သဘာဝများနှင့် ဘုရားသခင်၏ဝိညာဉ်တော်သည် ခရစ်တော်၏ လူ့ဇာတိခံခြင်း၊ လူသားအသက်ရှင်ခြင်း၊ ကားတိုင်ပေါ်အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်းဖြစ်စဉ်တို့မှတစ်ဆင့် ရောနှောပေါင်းစည်းလျက်၊ ဘုရားသခင်၏ထာဝရကိန်းဝပ်ရာနေရာ တည်ဆောက်ခြင်းအတွက် ပေါင်းစပ်ထားသော ဝိညာဉ်တော်ကို ထုတ်လုပ်ရန် ဖြစ်ကြောင်း ပုံဆောင်သည်။

**II. သန့်ရှင်းသောဘိသိက်ဆီဖြစ်သည့် ပေါင်းစပ်ထားသောနံ့သာဆီသည် တဲတော်နှင့် ၎င်း၏ပရိဘောဂအားလုံး၊ ယဇ်ပလ္လင်နှင့် ၎င်း၏အသုံးအဆောင်အားလုံး၊ အင်တုံနှင့် ၎င်း၏အခြေ၊ ယဇ်ပုရောဟိတ်များ စသည်တို့ကို ဘိသိက်သုတ်လိမ်းရန်နှင့် ဤအရာများအားလုံးကို ကိုယ်တော်၏ဘုရားဆိုင်ရာ အကြံအစည်တော်အတွက် ဘုရားသခင်ထံသို့ သန့်ရှင်းခြင်း၊ ခွဲခြားခံရခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း ခံရရန် အသုံးပြုခြင်းဖြစ်သည် - ထွ၊၃၀း၂၆-၃၀။ ၁ပေ၊၁း၂။ ၁ကော၊၆း၁၁။ ရော၊၁၅း၁၆။**

A. ဤနံ့သာဆီသည် သုံးပါးတစ်ပါးဘုရားက ခရစ်တော်၏ လူ့ဇာတိခံခြင်း၊ ကားတိုင်ပေါ်အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် အဆင့်ဆင့်ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံကာ အရာအားလုံးပါဝင်သော ပေါင်းစပ်ထားသော ဝိညာဉ်တော်ဖြစ်လာပြီး၊ ကိုယ်တော်၏ရွေးချယ်ခံနှင့် ရွေးနုတ်ခံလူများထံ ရောက်ရှိ၍ သူတို့ကို မိမိကိုယ်တော်တိုင်ဖြင့် ဘိသိက်ပေးခြင်းနှင့် ကိုယ်တော်ကိုယ်တိုင် သူတို့နှင့်တစ်လုံးတစ်ဝဖြစ်ခြင်း၊ သူတို့ကို ကိုယ်တော်နှင့်တစ်လုံးတစ်ဝဖြစ်စေခြင်းကို ပုံဆောင်ခြင်းဖြစ်သည် - ယော၊၂၀း၂၂။ ၁ယော၊၂း၂၀၊ ၂၇။ ၂ကော၊၁း၂၁။ ၁ကော၊၆း၁၇။

B. ထိုသို့သော ဘိသိက်ပေးခြင်း၊ ကျွန်ုပ်တို့အတွင်း၌ ပေါင်းစပ်ထားသော ဝိညာဉ်တော်၏ လှုပ်ရှားခြင်းသည် ကျွန်ုပ်တို့ထံ သုတ်လိမ်းခြင်းနှင့် အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရား၏ ဒြပ်သဘာဝများအားလုံးကို ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ပေါင်းထည့်ခြင်းလည်း ပြုနေပြီး၊ ထိုသို့ဖြင့် ကျွန်ုပ်တို့၏အတွင်းလူသည် ဘုရားဆိုင်ရာဒြပ်သဘာဝများဖြင့် ဘုရားဆိုင်ရာအသက်၌ ကြီးထွားလာကာ၊ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူ တစ်လုံးတစ်ဝတည်းအဖြစ် ရောနှောပေါင်းစည်းနိုင်မည်ဖြစ်သည် - ကော၊၂း၁၉။

C. သန့်ရှင်းသောဘိသိက်ဆီသည် ဘုရားသခင်၏ကိန်းဝပ်ရာနေရာနှင့် ယဇ်ပုရောဟိတ်အရာကို ဘိသိက်ပေးခြင်းရည်ရွယ်ချက်အတွက် လုံးလုံးဖြစ်သည် (ညွှန်း၊ ၁ပေ၊၂း၅)။ ထို့ကြောင့် ဘုရားသခင်၏ကိန်းဝပ်ရာနေရာနှင့် ယဇ်ပုရောဟိတ်အရာ

အတွက်ဖြစ်သောသူတို့သာလျှင် ပေါင်းစပ်ထားသော၊ အရာအားလုံးပါဝင်သော ဝိညာဉ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း ရှိနိုင်မည်ဖြစ်သည်။

**III. သံလွင်ဆီအားဖြင့် ပုံဆောင်ထားသည့် ဘုရားသခင်၏ဝိညာဉ်တော်သည် ဆီသက်သက်မျှသာ မဟုတ်တော့ဘဲ၊ ယခုတွင်မူ ပါဝင်သောအရာများတို့ဖြင့် ပေါင်းစပ်ထားသည့် ဆီဖြစ်လာသည်။ ဤအရာနှင့်စပ်လျဉ်း၍ ယောဟန် ၇း၃၉ ၌ "ထိုသို့ မိန့်တော်မူသော်၊ ယုံကြည်သောသူတို့သည် ခံရလတံ့သော ဝိညာဉ်တော်ကို ရည်မှတ်၍ မိန့်တော်မူ၏။ ယေရှုသည် ဘုန်းပွင့်တော်မမူသေးသောကြောင့် ထိုဝိညာဉ်တော် ဖြစ်တော်မမူသေး" ဟု ပြောထားသည်။**

A. ဤသည်မှာ သခင်ဘုရား၏ဘုန်းထင်ရှားခြင်း၊ ယင်းမှာ ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်း (လု၊၂၄း၂၆) မတိုင်ခင်က ပေါင်းစပ်ထားသော ဝိညာဉ်တော်သည် ဖြစ်တော်မမူသေးကြောင်း ဆိုလိုသည်။ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းပြီးနောက်မှသာ ထိုသို့သော ဝိညာဉ်တော်၏ ပေါင်းစပ်ခြင်း သို့မဟုတ် ပေါင်းစည်းပါဝင်ခြင်းသည် ပြည့်စုံလာခြင်းဖြစ်သည်။

B. ဝိညာဉ်တော်သည် ဘုရားသခင်၏ဝိညာဉ်တော်ဖြစ်စဉ်က၊ ကိုယ်တော်၌ ဘုရားဆိုင်ရာဒြပ်သဘာဝသာ ရှိခဲ့သည်။ ကိုယ်တော်သည် ခရစ်တော်၏လူ့ဇာတိခံခြင်း၊ ကားတိုင်ပေါ်အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့မှတစ်ဆင့် ယေရှုခရစ်၏ ဝိညာဉ်တော်ဖြစ်လာပြီးနောက် ထိုဝိညာဉ်တော်သည် ဘုရားဆိုင်ရာဒြပ်သဘာဝနှင့် လူသားဆိုင်ရာဒြပ်သဘာဝနှစ်ခုလုံး ရှိကာ၊ ခရစ်တော်၏ လူ့ဇာတိခံခြင်း၊ ကားတိုင်ပေါ်အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း၏ အနှစ်သာရနှင့် စစ်မှန်ခြင်းအားလုံး ပါရှိပြီဖြစ်သည်။

C. သန့်ရှင်းသောဘိသိက်ဆီအားဖြင့် ပုံဆောင်ထားသည့် ဤအရာအားလုံးပါဝင်သော ပေါင်းစပ်ထားသော ဝိညာဉ်တော်သည် ယေရှုခရစ်၏ ဝိညာဉ်တော် ပေါများကြွယ်ဝစွာသော မစခြင်း၊ ခရစ်တော်ကိုယ်ခန္ဓာတော်၏ မစခြင်းဖြစ်ပြီး၊ ယင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၌၊ ကိုယ်ခန္ဓာတော်မှတစ်ဆင့်၊ ကိုယ်ခန္ဓာတော်အတွက် ကိုယ်တော်၏ကြီးမားထင်ရှားခြင်းအဖို့ ခရစ်တော်ကို အသက်ရှင်နိုင်ကြခြင်းဖြစ်သည် - ဖိ၊၁း၁၉-၂၁က။

**IV. ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့သည် ပေါင်းစပ်ထားသော နံ့သာဆီဖြင့်၊ အရာအားလုံးပါဝင်သော ဝိညာဉ်တော်ဖြင့် ဘိသိက်ပေးခြင်းခံရပြီဖြစ်သည်။ ဆာလံ ၁၃၃း၂ တွင် ဘိသိက်ပေးသောဆီသည် အာရုန်၏ဦးခေါင်းမှ သူ၏မုတ်ဆိတ်သို့ စီးသွားကာ၊ သူ၏ ဝတ်ရုံအနားစွန်းတိုင် မည်သို့စီးသွားကြောင်း ဖော်ပြထားသည်။ ဤသည်မှာ ကိုယ်ခန္ဓာတော်တစ်ကိုယ်လုံးသည် ဝိညာဉ်တော်ဖြင့် ဘိသိက်ပေးခြင်းခံရကြောင်း ပုံဆောင်သည်။**

A. တစ်လုံးတစ်ဝဖြစ်ခြင်း၏ အခြေပြုနေရာသည် ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ သုတ်လိမ်းထားသော သန့်ရှင်းသော ဘိသက်ဆီ၊ ပေါင်းစပ်ထားသော ဝိညာဉ်တော်အဖြစ် အဆင့်ဆင့်ဖြတ်ကျော်သည့် သုံးပါးတစ်ပါးဘုရားပင် ဖြစ်ပေသည် - အငယ်၊၁-၃။

B. နံ့သာဆီအားဖြင့် "ဆေးသုတ်"ခံရရန်အလို့ငှာ (၁ယော၊၂း၂၀၊ ၂၇)၊ ကျွန်ုပ်တို့သည် အသင်းတော်နှင့် တစ်လုံးတစ်ဝဖြစ်ကြရမည်ဖြစ်သည်။ ထိုအခါ ကျွန်ုပ်တို့သည် ဘိသိက်ပေးသောဆီနှင့် ၎င်း၏ဒြပ်သဘာဝအားလုံးဖြင့် သုတ်လိမ်းခြင်းကို အလိုအလျောက်ပင် မွေ့လျော်ဝမ်းမြောက်ကြမည်ဖြစ်သည်။ ဤနံ့သာဆီကို သုတ်လိမ်းခြင်းအားဖြင့် ထုတ်လုပ်သော တစ်လုံးတစ်ဝဖြစ်ခြင်းမှာ မည်မျှပင် အံ့သြဖွယ်ကောင်းလှပါတကား။

*© 2024 Living Stream Ministry*

Message Four

## မှန်သောစပျစ်နွယ်ပင်အဖြစ် ခရစ်တော်၌ တည်နေခြင်း

ဖတ်ရန်ကျမ်း။ ။ ယော၁၅း၁၊ ၄-၅၊ ၇။ ၁ယော၂း၆၊ ၂၇-၂၈။ ၃း၂၄။ ၄း၁၃၊ ၁၅။ ရော၈း၄

**I. သခင်ယေရှုက "ငါသည် မှန်သောစပျစ်နွယ်ပင်ဖြစ်၏"ဟု ပြောခဲ့သည် - ယော၁၅း၁က။ ညွှန်း၊ ဗျာ၁၄း၁၈။**

A. ဤမှန်သောစပျစ်နွယ်ပင် (သားတော်) နှင့် ၎င်း၏အကိုင်းအခက်များ (သားတော်၌ရှိသော ယုံကြည်သူများ) သည် ဘုရားသခင်၏စီမံကိန်းရှိ သုံးပါးတစ်ပါးဘုရား၏ ရှင်သန်သောထုံးဖွဲ့မှုဖြစ်သည်။

B. ဤရှင်သန်သောထုံးဖွဲ့မှုသည် ကိုယ်တော်၏ကြွယ်ဝခြင်းများနှင့်အတူ ကြီးထွားပြီး၊ ကိုယ်တော်၏ဘုရားဆိုင်ရာအသက်ကို ထင်ရှားစေသည်။

**II. စပျစ်နွယ်ပင်ရှိ အကိုင်းအခက်များအနေဖြင့် ကျွန်ုပ်တို့သည် စပျစ်နွယ်ပင်၌ တည်နေရန် လိုအပ်သည် - ယော၁၅း၄-၅။**

A. သခင်ဘုရား၌ရှိခြင်းမှာ ပေါင်းစည်းခြင်း၏ အကြောင်းအရာဖြစ်သည်။ သခင်ဘုရား၌ တည်နေခြင်းမှာ မိတ်သဟာယဖွဲ့ခြင်း၏ အကြောင်းအရာဖြစ်သည် - ၁ကော၁း၉၊ ၃၀။

B. စပျစ်နွယ်ပင်အဖြစ် ခရစ်တော်၌ ကျွန်ုပ်တို့တည်နေခြင်းသည် စပျစ်နွယ်ပင်၌ ကျွန်ုပ်တို့ အကိုင်းအခက်များဖြစ်ကြောင်းကို ရှင်းလင်းသော ရူပါရုံမြင်ခြင်းအပေါ် မူတည်သည်။ ကျွန်ုပ်တို့သည် စပျစ်နွယ်ပင်ရှိ အကိုင်းအခက်များဖြစ်ကြောင်း မြင်ပြီဆိုလျှင်၊ ကျွန်ုပ်တို့နှင့် သခင်ဘုရားအကြားရှိ မိတ်သဟာယကို စောင့်ထိန်းထားရန် လိုအပ်သည် - ယော၁၅း၂။

C. ခရစ်ယာန်အသက်တာသည် သခင်ဘုရား၌ တည်နေခြင်း၏အသက်တာ ဖြစ်သည် - ၁ယော၂း၆၊ ၂၇-၂၈။ ၃း၂၄။ ၄း၁၃၊ ၁၅။

D. ခရစ်တော်၌ ကျွန်ုပ်တို့တည်နေခြင်းသည် ကိုယ်တော်က ကျွန်ုပ်တို့၌တည်နေခြင်း၏အခြေအနေဖြစ်သည် - ယော၁၅း၅က။

E. စပျစ်နွယ်ပင်မှ ကင်း၍ ကျွန်ုပ်တို့သည် ဘာမျှမဟုတ်ပါ၊ ကျွန်ုပ်တို့၌ ဘာမျှမရှိပါ၊ ကျွန်ုပ်တို့ဘာမျှမလုပ်နိုင်ပါ - အငယ်၁၅ခ။

F. အကိုင်းအခက်များသည် စပျစ်နွယ်ပင်၌ တည်နေသောအခါမှသာ စပျစ်နွယ်ပင်သည် သူတို့အဖို့ အရာခပ်သိမ်းဖြစ်နိုင်မည် ဖြစ်သည်။

**III. ကျွန်ုပ်တို့သည် ခရစ်တော်၌ တည်နေကြပြီး၊ ထိုသို့ဖြင့် ကိုယ်တော်သည် အရာအားလုံးပါဝင်သော ဘိသိက်ပေးခြင်း၏ အတွင်းပိုင်းသွန်သင်ခြင်းအတွက် ဂရုစိုက်ခြင်းအားဖြင့် ကျွန်ုပ်တို့၌ တည်နေနိုင်မည်ဖြစ်သည် - ၁ယော၂း၂၇။**

A. ကျွန်ုပ်တို့သည် သခင်ဘုရား၏ အသွေးတော် ဆေးကြောပေးခြင်းကို တွေ့ကြုံခံစားခြင်းနှင့် ကျွန်ုပ်တို့အတွင်းဖြစ်ခြင်းသို့ ဘိသိက်ပေးသောဝိညာဉ်တော်ကို ယူဆောင်လျှောက်လှမ်းခြင်းအားဖြင့် ခရစ်တော်နှင့်အတူ ဘုရားဆိုင်ရာမိတ်သဟာယ၌ တည်ကြသည် - ယော၁၅း၄-၅။ ၁ယော၁း၅၊ ၇။ ၂း၂၀၊ ၂၇။

B. ဦးခေါင်းတော်အဖြစ် ခရစ်တော်သည် ဘိသိက်ခံရသောအရှင်နှင့် ဘိသိက်ပေးသောအရှင်ဖြစ်ကာ၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏အင်္ဂါဝင်များအဖြစ် ကိုယ်တော်၏အကြံအစည်တော် ပြီးပြည့်စုံခြင်းအတွက် အတွင်းပိုင်းဘိသိက်ပေးခြင်းအဖြစ် ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်နေကြသည် - ဟေဗြဲ၁း၉။ ၃း၁၄။ ၂ကော၁း၂၁-၂၂။

C. ကျွန်ုပ်တို့အတွင်း၌ ပေါင်းစပ်ထားသော ဝိညာဉ်တော်၏ လှုပ်ရှားခြင်းနှင့် လုပ်ဆောင်ခြင်းအဖြစ် ဘိသိက်ပေးခြင်းက ဘုရားသခင်ကို ကျွန်ုပ်တို့အထဲသို့ ဘိသိက်ပေးနေသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားသခင်ဖြင့် ပျော်ဝင်ပြည့်ဝခြင်း၊ ဘုရားသခင်ကို ပိုင်ဆိုင်ခြင်း၊ ဘုရားသခင်၏အသိဉာဏ်ကို နားလည်ခြင်း ရှိနိုင်မည်ဖြစ်သည်။ ဘိသိက်ပေးခြင်းသည် အသက်၏ အတွင်းပိုင်း အာရုံခံစားမှု၊ အတွင်းပိုင်းအသိစိတ်အားဖြင့် ကိုယ်တော်၏ယုံကြည်သူများထံ ကိုယ်ခန္ဓာတော်၏ ဦးခေါင်းတော်အဖြစ် ခရစ်တော်၏အသိဉာဏ်ဖြင့် ဆက်သွယ်ပေါင်းစည်းပေးသည် - ဆာ၁၃၃။ ၁ကော၂း၁၆။ ရော၈း၆၊ ၂၇။

**IV. သခင်ဘုရား၌ တည်နေခြင်းမှာ ကိုယ်တော်နှင့် တစ်ဝိညာဉ်တည်းဖြစ်ခြင်း၊ ယင်းမှာ ရောနှောပေါင်းစည်းထားသောဝိညာဉ်၌ အသက်ရှင်ခြင်း ဖြစ်သည် - ၁ကော၆း၁၇။**

A. ဓမ္မသစ်ကျမ်း၏ အနှစ်သာရမှာ ဝိညာဉ်နှစ်ခု - ဘုရားဆိုင်ရာဝိညာဉ်တော်နှင့် လူသားဝိညာဉ် - သည် တစ်ခုတည်းအဖြစ် အတူတကွ ရောနှောပေါင်းစည်းခြင်း ဖြစ်သည် - အငယ်၁၇။ ရော၈း၄။

B. ဤဝိညာဉ်နှစ်ခု၏ ပေါင်းစည်းခြင်းသည် သမ္မာကျမ်းစာရှိ အနက်ရှိုင်းဆုံးသော နက်နဲခြင်းဖြစ်သည်။

C. *တစ်ဝိညာဉ်တည်း* ဟူသော ဖော်ပြချက်မှာ ဝိညာဉ်တော်အဖြစ် သခင်ဘုရားနှင့် ကျွန်ုပ်တို့၏ဝိညာဉ် ရောနှောပေါင်းစည်းခြင်းကို ညွှန်ပြနေသည် - ၁ကော၊၆း၁၇။

1. ကျွန်ုပ်တို့၏ဝိညာဉ်နှင့် သခင်ဘုရား၏ဝိညာဉ်တော်သည် တစ်ဝိညာဉ်တည်းအဖြစ် ရောနှောပေါင်းစည်းသွားခဲ့သည့်ဝိညာဉ်သည် သခင်ဘုရား၏ဝိညာဉ်တော်နှင့် ကျွန်ုပ်တို့၏ဝိညာဉ် နှစ်ခုလုံးဖြစ်သည် - ရော၊၈း၄။ ၂ကော၊၃း၁၇။ ၁ကော၊၁၅း၄၅။
2. ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာ အတွေ့အကြုံများအားလုံး၊ သခင်ဘုရားနှင့်အတူ ကျွန်ုပ်တို့မိတ်သဟာယဖွဲ့ခြင်း၊ ကိုယ်တော်ထံသို့ ဆုတောင်းခြင်း၊ ကိုယ်တော်နှင့်အတူ အသက်ရှင်ခြင်း စသည်တို့သည် ဤရောနှောပေါင်းစည်းထားသောဝိညာဉ်၌ ဖြစ်သည်။

D. ဘုရားသခင့်စီမံကိန်း၏ ဗဟိုပြုသည့်အချက်မှာ ရောနှောပေါင်းစည်းသည့်ဝိညာဉ် တည်းဟူသော ဘုရားဆိုင်ရာဝိညာဉ်တော်က လူသားဝိညာဉ်နှင့်အတူ ရောနှောပေါင်းစည်းခြင်း ဖြစ်သည်။ ဘုရားသခင်လုပ်ဆောင်ရန် သို့မဟုတ် ပြီးမြောက်စေရန် ရည်ရွယ်သည့်အရာမှန်သမျှသည် ဤဗဟိုပြုသည့်အချက်နှင့် ဆက်နွှယ်နေသည် - ဧ၊၃း၅၊ ၉။ ၁း၁၇။ ၂း၂၂။ ၅း၁၈။ ၆း၁၈။

1. သခင်ဘုရားနှင့်အတူ တစ်ဝိညာဉ်တည်းဖြစ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်ကို အရာအားလုံးပါဝင်သောအရှင်အဖြစ် တွေ့ကြုံခံစားနိုင်သည် - ၁ကော၊၁း၂၊ ၂၄၊ ၃၀။ ၂း၇-၈၊ ၁၀။ ၃း၁၁။ ၅း၇-၈။ ၁၀း၃-၄။ ၁၁း၃။ ၁၂း၁၂။ ၁၅း၂၀၊ ၂၃၊ ၄၅၊ ၄၇။
2. ကျွန်ုပ်တို့သည် ခရစ်တော်ကို တွေ့ကြုံခံစားနိုင်ကြသည်၊ ခရစ်တော်ကို အရာခပ်သိမ်းအဖြစ် ယူဆောင်နိုင်ကြသည်၊ အကြောင်းမှာ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ တစ်ဝိညာဉ်တည်း ဖြစ်လာခဲ့သောကြောင့်တည်း။
3. သခင်ဘုရားနှင့်အတူ တစ်ဝိညာဉ်တည်းဖြစ်သောသူမှန်သမျှအဖို့ မစမှုသည် မကုန်ခမ်းနိုင်ဖြစ်လေသည်။

E. ရောနှောပေါင်းစည်းထားသော ဝိညာဉ်သည် ဘုရားသခင်နှင့် တစ်ဝိညာဉ်တည်းဖြစ်သော၊ ဦးခေါင်းအရာ၌မဟုတ်ဘဲ၊ အသက်နှင့် သဘောသဘာဝ၌ ဘုရားသခင်နှင့်တူညီသော ဝိညာဉ်ဖြစ်သည် - ၁ယော၊၅း၁၁။ ၂ပေ၊၁း၄။

1. ဘုရားဆိုင်ရာဝိညာဉ်တော်နှင့် လူသားဝိညာဉ်တို့သည် ကျွန်ုပ်တို့အတွင်း၌ တစ်ခုတည်းအဖြစ် ရောနှောပေါင်းစည်းခဲ့သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ဘုရား-လူ၏အသက်တာ၊ ဘုရားဖြစ်သော်လည်း လူ၊ လူဖြစ်သော်လည်း ဘုရားဖြစ်သော အသက်တာကို အသက်ရှင်နိုင်ကြမည်ဖြစ်သည် - ဂလ၊၂း၂၀။ ဖိ၊၁း၁၉-၂၁က။
2. ဘုရား-လူအသက်ရှင်ခြင်းမှာ ဝိညာဉ်နှစ်ခုသည် တစ်ခုတည်းအဖြစ် ပေါင်းစည်းဆက်နွှယ်ခြင်းနှင့် အတူတကွ ရောနှောပေါင်းစည်းခြင်း၏ အသက်ရှင်ခြင်းဖြစ်သည်။

F. သခင်ဘုရားနှင့်အတူ တစ်ဝိညာဉ်တည်းဖြစ်ရန်ဆိုသည်မှာ ကျွန်ုပ်တို့သည် ကိုယ်တော်၌ ရှိပြီး၊ ကိုယ်တော်သည် ကျွန်ုပ်တို့၌ရှိကာ၊ ကျွန်ုပ်တို့နှင့် ကိုယ်တော်သည် အသက်၌ တစ်လုံးတစ်ဝတည်းဖြစ်နေကြောင်း ရည်ညွှန်းသည် - ယော၊၁၅း၁၆။ ၁ယော၊၅း၁၂။

G. သင့်လျော်မှန်ကန်သည့် ခရစ်ယာန်များဖြစ်ရန် ယနေ့ သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်းအဖြစ် သခင်ယေရှုသည် ကျွန်ုပ်တို့၏ဝိညာဉ်၌ ကိန်းဝပ်နေသော၊ ကျွန်ုပ်တို့၏ဝိညာဉ်နှင့်အတူ ရောနှောပေါင်းစည်းနေသော ဝိညာဉ်တော်ဖြစ်ကြောင်း ကျွန်ုပ်တို့သိရှိရမည်ဖြစ်သည် - ၂ကော၊၃း၁၇။ ၁ကော၊၁၅း၄၅။ ၆း၁၇။

H. သမ္မာကျမ်းစာက ကျွန်ုပ်တို့သည် ရောနှောပေါင်းစည်းထားသော ဝိညာဉ်အတိုင်း လျှောက်လှမ်းရန် တောင်းဆိုနေသည် - ရော၊၈း၄။

1. အရာခပ်သိမ်းအဖို့ သော့ချက်မှာ ကျွန်ုပ်တို့၏အသစ်မွေးဖွားခံရသော ဝိညာဉ်၌ရှိသောအရှင်၊ ကျွန်ုပ်တို့၏ဝိညာဉ်နှင့်အတူ တစ်ဝိညာဉ်တည်းဖြစ်လာသောအရှင် ဖြစ်သည့် အံ့သြဖွယ်သောဝိညာဉ်တော်၌ တွေ့ရှိရသည်။
2. ဝိညာဉ်၌ အသက်ရှင်ခြင်းမှာ ခရစ်တော်အား ကျွန်ုပ်တို့ကို ဖြည့်ပေးခြင်းနှင့် ပျော်ဝင်ပြည့်ဝခြင်း ရှိစေ၍၊ ကိုယ်တော်သည် ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံးကို စိမ့်ဝင်ပျံ့နှံ့သွားကာ၊ ထိုသို့ဖြင့် ကျွန်ုပ်တို့မှတစ်ဆင့် ထင်ရှားခြင်းရှိသည့်တိုင် အခွင့်ပေးခြင်းပင် ဖြစ်သည် - ဧ၊၃း၁၇။

3. ယောဟန် ၁၅း၄-၅ ရှိ အပြန်အလှန်တည်နေခြင်းသည် သခင်ဘုရားနှင့်အတူ တစ်ဝိညာဉ်တည်းဖြစ်ခြင်း၏ လက်တွေ့လုပ်ဆောင်ခြင်းဖြစ်သည်။

**V. အကျိုးသက်ရောက်မှုရှိသော ဆုတောင်းခြင်းများမှာ ကျွန်ုပ်တို့က သခင်ဘုရား၌တည်နေခြင်းနှင့် ကိုယ်တော်၏စကားတော်များကို ကျွန်ုပ်တို့၌ တည်စေခြင်း၏ ထွက်ပေါ်လာသောရလဒ်ဖြစ်သည် - အငယ်၊၇။**

A. ဆုတောင်းခြင်းသည် လူက ဘုရားသခင်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ခြင်းနှင့် တွဲဖက်လုပ်ဆောင်ခြင်း၊ ဘုရားသခင်အား ကိုယ်တော်ကိုယ်တိုင် လူမှတစ်ဆင့် ထင်ရှားရန် အခွင့်ပေးခြင်းပြု၍၊ ကိုယ်တော်၏အကြံအစည်တော်ကို ပြီးမြောက်စေခြင်းပင် ဖြစ်သည်။ ဆုတောင်းသောသူသည် ဘုရားသခင်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ခြင်း၊ ဘုရားသခင်နှင့်အတူတကွ လုပ်ဆောင်ခြင်းနှင့် ဘုရားသခင်အား ကိုယ်တော်ကိုယ်တိုင်နှင့် ကိုယ်တော်၏အလိုဆန္ဒကို သူ့အတွင်းမှ၊ သူမှတစ်ဆင့် ထင်ရှားရန် အခွင့်ပေးခြင်းရှိသောသူ ဖြစ်သည် - ရော၊၈း၂၆-၂၇။ ယာ၊၅း၁၇။

1. ဆုတောင်းခြင်းသည် လူနှင့်ဘုရားသခင်အကြား စီးဆင်းခြင်းဖြစ်ကာ၊ လူနှင့် ဘုရားသခင်အကြား အပြန်အလှန် ဆက်သွယ်ခြင်း ဖြစ်သည်။
2. ဆုတောင်းခြင်း၏ စစ်မှန်သော ပုံဆောင်ချက်မှာ ကျွန်ုပ်တို့၏ဝိညာဉ်၌ ဘုရားသခင်ကို ဆက်သွယ်ရန်၊ ဘုရားသခင်ကိုယ်တော်တိုင်ကို စုပ်ယူရရှိရန် ဖြစ်သည် - ဧ၊၆း၁၈။
3. ကိန်းဝပ်နေသောခရစ်တော်ကို တွေ့ကြုံခံစားရန်နှင့် ခရစ်တော်ကို အသက်ရှင်ရန် နည်းလမ်းမှာ စစ်မှန်သောနည်းလမ်း၌ ဆုတောင်းခြင်းရှိရန်ဖြစ်သည် - ကော၊၁း၂၇။ ၃း၄။ ဖိ၊၁း၂၀-၂၁က။
4. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အား သခင်ဘုရားနှင့် ဆက်သွယ်ခြင်းအထဲသို့ ခေါ်ဆောင်ပေးသော ဆုတောင်းခြင်း၊ ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ဝိညာဉ်၌ ကိုယ်တော်နှင့် တစ်လုံးတစ်ဝတည်း ဖြစ်ပေါ်စေသော ဆုတောင်းခြင်းမျိုး ရှိရန် လိုအပ်သည် - ၂တိ၊၄း၂၂။ ၁ကော၊၆း၁၇။

B. ကျွန်ုပ်တို့သည် သခင်ဘုရား၌ တည်နေခြင်းနှင့် ကိုယ်တော်၏စကားတော်များကို ကျွန်ုပ်တို့၌ တည်စေခြင်း ရှိကြသောအခါ၊ ကျွန်ုပ်တို့၌ ကိုယ်တော်၏စကားတော်မှ ထွက်ပေါ်လာသော အလိုဆန္ဒတစ်ခု ရှိလိမ့်မည်ဖြစ်သည် - ယော၊၁၅း၇။ ၁ယော၊၅း၁၄-၁၅။

1. ကျွန်ုပ်တို့သည် သခင်ဘုရား၏ခံစားမှုကို ထိတွေ့၍၊ ကိုယ်တော်၏ ရည်ရွယ်ချက်ကို နားလည်လာလိမ့်မည်ဖြစ်သည်။ ထိုနောက် အလိုအလျောက်ပင် ကျွန်ုပ်တို့၌ ကိုယ်တော်၏အလိုဆန္ဒကို ရရှိလိမ့်မည်ဖြစ်သည်။
2. ကိုယ်တော်၏အလိုဆန္ဒသည် ကျွန်ုပ်တို့၏အလိုဆန္ဒဖြစ်လာကာ၊ ကိုယ်တော်အလိုရှိသောအရာသည် ကျွန်ုပ်တို့အလိုရှိသောအရာဖြစ်လိမ့်မည်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ဤအလိုဆန္ဒအတိုင်း ဆုတောင်းကြလိမ့်မည်ဖြစ်သည်။
3. သခင်ဘုရားသည် ဤသို့သော ဆုတောင်းခြင်းမျိုးကို အဖြေပေးလိမ့်မည်၊ အကြောင်းမှာ ၎င်းသည် ကျွန်ုပ်တို့ သခင်ဘုရား၌ တည်နေခြင်းမှလည်းကောင်း၊ ကိုယ်တော်၏စကားတော်များ ကျွန်ုပ်တို့၌ တည်နေခြင်းမှလည်းကောင်း ထွက်ပေါ်လာသောကြောင့် ဖြစ်သည်။

**VI. ကျွန်ုပ်တို့သည် ခရစ်တော်၌ တည်နေ၍ ခရစ်တော်သည် ကျွန်ုပ်တို့၌ တည်နေသောအခါ၊ ကျွန်ုပ်တို့၌အသင်းတော်အသက်တာ ရရှိနိုင်မည်ဖြစ်သည် - ယော၊၁၅း၄-၅။ ၁ကော၊၁း၂၊ ၉၊ ၃၀။ ၁၂း၂၇။**

A. ကျွန်ုပ်တို့သည် စစ်မှန်သောအသင်းတော်အသက်တာကို ရောနှောပေါင်းစည်းထားသော ဝိညာဉ်၌ အသက်ရှင်ခြင်းအားဖြင့်သာလျှင် ရရှိနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အသင်းတော်အသက်တာအတွက် ဤရောနှောပေါင်းစည်းထားသော ဝိညာဉ်၌ တည်မြဲနေသင့်ပါသည် - ၁း၂။ ၁၂း၂၇။

B. အသင်းတော်အသက်တာသည် တစ်ယောက်ကိုတစ်ယောက် ချစ်ခြင်း၏ အသက်တာဖြစ်သည် - ယော၊၁၅း၁၂၊ ၁၇။

C. ကျွန်ုပ်တို့သည် စပျစ်နွယ်ပင်အဖြစ် ခရစ်တော်၌ တည်နေကြသောအခါ ကျွန်ုပ်တို့သည် တွဲဖက်အကိုင်းအခက်များအကြား အံ့သြဖွယ်သော မိတ်သဟာယ၌ ပါဝင်ဆက်ဆံကြရခြင်းပင် ဖြစ်သည် - အငယ်၊၄-၅။ ၁ယော၊၁း၃-၇။

© 2024 Living Stream Ministry

## Message Five

## ဘုရားသခင်၏ခမ်းနားထည်ဝါလှသော အိမ်တော်ထဲက၊ ထိုအိမ်တော်အတွက် အသက်၏အမှုတော်ဖြင့် အသက်၏စီးဆင်းခြင်းကို မွေ့လျော်ဝမ်းမြောက်ခြင်းအားဖြင့် ခရစ်ယာန်အသက်တာကို အသက်ရှင်ခြင်း

ဖတ်ရန်ကျမ်း။ ။ ယေဇ၊၄၇း၁-၁၂။ ၂ကော၊၃း၆။ ၁ကော၊၉း၁၁။ ၃း၆၊ ၉။ ၄း၁၅။ ၃း၂၊ ၁၂

**I. ခရစ်ယာန်အသက်တာကို အသက်ရှင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏အိမ်တော်ထဲကထွက်သော အသက်၏စီးဆင်းခြင်းကို မွေ့လျော်ဝမ်းမြောက်ရန် လိုအပ်သည် - ယေဇ၊၄၇း၁-၁၂။**

A. ဘုရားသခင်၏အဆုံးစွန်သော လုပ်ရှားမှုမှာ လူကို ဘုရားသခင်၏ဘုန်းတော်၊ ထင်ရှားခြင်းအတွက် ကိုယ်တော်၏အသက်၊ သဘောသဘာဝ၊ ဒြပ်သဘာဝနှင့် အနှစ်သာရ၌ ကိုယ်တော်ဖြစ်ခြင်းရှိသမျှအားလုံးဖြင့် ပျော်ဝင်ပြည့်ဝစေခြင်းအားဖြင့် လူအား ဘုရားဖြစ်စေခြင်းငှာ လူ၌ ကိုယ်တော်၏လုပ်ရှားခြင်းပင် ဖြစ်သည် - ၂ကော၊၃း၁၈။ ၁ယော၊၃း၂။

B. ရေသည် တံခါးခုံအောက်ထဲမှ စီးထွက်လာသည် - ယေဇ၊၄၇း၁။

1. ရေသည် စီးဆင်းလာခြင်း ရှိရန်အလို့ငှာ တံခါးခုံ တည်းဟူသော ဖွင့်ထားခြင်း ရှိရမည်ဖြစ်သည် - ညွှန်း၊ ဆာ၊၈၁း၁၀။
2. ကျွန်ုပ်တို့သည် သခင်ဘုရားထံ ပို၍ နီးကပ်ခြင်းရှိကာ၊ ကိုယ်တော်နှင့် ဆက်သွယ်ခြင်း ရှိကြလေလေ၊ အသင်းတော်ထဲက အသက်ရှင်သောရေ စီးထွက်လာခြင်းငှာ အခွင့်ပေးသော ဖွင့်ထားခြင်း ရှိလိမ့်မည်ဖြစ်သည် - *ဓမ္မသီချင်း*- ၄၃၄။

C. စီးဆင်းခြင်းသည် အရှေ့ဘက်ဆီသို့ ဖြစ်သည် - ယေဇ၊၄၇း၁။

1. ဘုရားသခင်၏မြစ်ရေသည် ဘုရားသခင့်ဘုန်းတော်၏ ဦးတည်ရာ၌ စီးဆင်းနေသည် - ညွှန်း၊ စာရင်း၊၂း၃။ ယေဇ၊၄၃း၂။
2. အသင်းတော်ရှိ အယောက်တိုင်းသည် ဘုရားသခင်၏ဘုန်းတော်အတွက် ရှာဖွေခြင်းနှင့် ဂရုစိုက်ခြင်းရှိမည်ဆိုလျှင် အသက်ရှင်သောရေသည် အသင်းတော်မှ စီးထွက်လာလိမ့်မည်ဖြစ်သည် - ယော၊၇း၁၈။ ၁ကော၊၁၀း၃၁။

D. ရေသည် အိမ်တော်၏ လက်ယာဘက်မှ စီးထွက်လာသည် - ယေဇ၊၄၇း၁။

1. သမ္မာကျမ်းစာ၌ လက်ယာဘက်သည် အမြင့်ဆုံးသောနေရာ၊ ပထမဆုံးနေရာ ဖြစ်သည် - ညွှန်း၊ ဟေဗြဲ၊၁း၃။
2. အသက်၏စီးဆင်းခြင်းသည် ကျွန်ုပ်တို့အတွင်း၌ အဦးဆုံးနေရာ၌ရှိရမည်၊ ကျွန်ုပ်တို့၏အသက်ရှင်ခြင်းနှင့် အလုပ်၌ ထိန်းချုပ်ပေးနေသော အကြောင်းရင်း ဖြစ်လာရမည်ဖြစ်သည် - ဗျာ၊၂၂း၁။ ကော၊၁း၁၈ခ။

E. စီးဆင်းခြင်းသည် ယဇ်ပလ္လင်တောင်ဘက်မှ ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ကားတိုင်၏ဆက်ဆံဖြေရှင်းခြင်းကို လိုအပ်ပြီး၊ အသက်၏စီးဆင်းခြင်းကို မွေ့လျော်ဝမ်းမြောက်ရန် အပြည့်အဝဆက်ကပ်အပ်နှံခြင်းကို လိုအပ်ကြောင်း ပြသနေသည် - ယေဇ၊ ၄၇း၁။

F. အသက်၏စီးဆင်းခြင်း တိုးပွားလာခြင်းအတွက် ကျွန်ုပ်တို့သည် ကြေးညိုလူသားအဖြစ် သခင်ဘုရားအားဖြင့် တိုင်းတာခြင်းခံရရန် လိုအပ်သည် - ၄၀း၃။ ၄၇း၂-၅။ ဗျာ၊၁း၁၅။ ညွှန်း၊ ယော၊၇း၃၇-၃၉။

1. တိုင်းတာခြင်းမှာ စစ်ဆေးခြင်း၊ စမ်းသပ်ခြင်း၊ စီရင်ခြင်းနှင့် ပိုင်ဆိုင်ခြင်းရှိရန် ဖြစ်သည်။ အတောင်တစ်ထောင် တိုင်းတာခြင်းလေးခုသည် ပြည့်စုံသောယူနစ်တစ်ခုဖြစ်ပြီး (ညွှန်း၊ ဆာ၊၈၄း၁၀)၊ ဖန်ဆင်းခံများအဖြစ် ကျွန်ုပ်တို့သည် သခင်ဘုရားအားဖြင့် အကုန်အစင် တိုင်းတာခံရန် လိုအပ်သည်၊ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံးကို သိမ်းပိုက်၍ အကုန်အစင် ပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း ညွှန်ပြနေသည် (ဟေရှာ၊၆း၁-၈)။
2. ကျွန်ုပ်တို့သည် သခင်ဘုရားအား ကျွန်ုပ်တို့ကို စစ်ဆေးခြင်း၊ စမ်းသပ်ခြင်းနှင့် စီရင်ခြင်းဖြင့် ကျွန်ုပ်တို့ကို ပိုင်ဆိုင်ရန် အခွင့်ပေးလေလေ၊ စီးဆင်းမှုသည် နက်ရှိုင်းလာလေလေဖြစ်သည်။ စီးဆင်းခြင်း၏နက်ရှိုင်းမှုသည် သခင်ဘုရားအားဖြင့် ကျွန်ုပ်တို့ မည်မျှ တိုင်းတာခံရခြင်းအပေါ် မူတည်နေပါသည် - ညွှန်း၊ ၁ယော၊၁း၅၊ ၇။
3. ကျွန်ုပ်တို့သည် သခင်ဘုရားအားဖြင့် တိုင်းတာခြင်း ခံရလေလေ၊ ကျွန်ုပ်တို့သည် အသက်၏ကျေးဇူးတော်စီးဆင်းခြင်းအားဖြင့် တင်းကျပ်ခြင်းနှင့် ကန့်သတ်ခြင်း ခံရလေလေဖြစ်ကာ၊ နောက်ဆုံးတွင် ကျွန်ုပ်တို့သည် ကူးရသောမြစ်အဖြစ် စီးဆင်းနေသော သုံးပါးတစ်ပါးဘုရား၌ နစ်မြုပ်ကာ၊ သယ်ဆောင်သွားခြင်းခံရသည့်တိုင်အောင် ဖြစ်လေသည်။ တစ်

နည်းအားဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏လွတ်လပ်မှုအားလုံးကို ဆုံးရှုံးသွားကြရသည်၊ သို့သော် အခြားတစ်ဖက်တွင် ကျွန်ုပ်တို့သည် အမှန်တကယ်ပင် လွတ်လပ်ခြင်း ရှိကြရလေသည် - ယော၈၊၄၇း၄-၆။

G. မြစ်ရေက အရာခပ်သိမ်းကို အသက်ရှင်ခြင်း ဖြစ်စေသည်။ မြစ်ရေ၏ စီးဆင်းခြင်းသည် သစ်ပင်များ၊ ငါးများနှင့် တိရစ္ဆာန်များကို ထုတ်လုပ်ပေးသည် - အငယ်၊၇၊ ၉-၁၀၊ ၁၂။

H. မြစ်ရေသည် ခြောက်သွေ့သော၊ ကွဲအက်သော မြေကို ရေလောင်းကာ၊ သေခြင်းရေများကို အနာငြိမ်းစေသည်။ ဤရေလောင်းခြင်းနှင့် အနာငြိမ်းစေခြင်းမှာ အသက်ကို ထုတ်လုပ်ခြင်းအကြံအစည်အတွက် ဖြစ်သည် - အငယ်၊၈။

1. မြစ်ရေသည် စိမ့်မြေနှင့် ရွံ့မြေတို့ကိုမူ အနာမငြိမ်းပေးနိုင်ပေ။ စိမ့် သို့မဟုတ် ရွံ့မြေသည် စပ်ကြားမြေ၊ လမ်းခုလတ်နေရာ၊ အပေးအယူလုပ်ခြင်းနှင့် မပူမအေးဖြစ်ခြင်းရှိရာနေရာ ဖြစ်သည် - အငယ်၊၁၁။ ညွှန်း၊ ဗျာ၊၃း၁၅-၁၆။
2. အသက်၏စီးဆင်းခြင်းအတွက်၊ အသင်းတော်အသက်တာအတွက် သခင်ယေရှုသည် လုံးလုံးအကြွင်းမဲ့ဖြစ်ခြင်းကို အလိုရှိသည်၊ တောင်းဆိုနေသည်။ လုံးလုံးအကြွင်းမဲ့ဖြစ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် စီးဆင်းခြင်း၌ ရှိကြကာ၊ စီးဆင်းခြင်းသည် တစ်စက်တစ်စက်စီးကျခြင်းမဟုတ်ဘဲ၊ ကူးရသောမြစ်ဖြစ်လိမ့်မည်ဖြစ်သည်။ ထိုအခါ အရာခပ်သိမ်းသည် မြစ်ရေရောက်လာသောနေရာတိုင်း၌ အသက်ရှင်ခြင်းရှိလိမ့်မည်။

**II. ကျွန်ုပ်တို့က ခရစ်တော်ကို အသက်၏စီးဆင်းခြင်းအဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်းမှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အံ့ဩဖွယ်သော အသက်ဆိုင်ရာတည်ဆောက်ခြင်းဖြစ်သည့် ဘုရားသခင်၏ ခမ်းနားထည်ဝါသော အိမ်တော်အတွက် အသက်ကို အမှုဆောင်ခြင်းနှင့်အတူ မျိုးကြဲသူများ၊ စိုက်ပျိုးသူများ၊ ရေလောင်းသူများ၊ မွေးဖွားသူများ၊ ကျွေးမွေးသူများနှင့် တည်ဆောက်သူများဖြစ်ကြရန်ပင် ဖြစ်သည် - ၂ကော၊၃း၆။**

A. အသက်၏အမှုဆောင်သူသည် ဝိညာဉ်ရေးရာမျိုးစေ့များကို ပျိုးကြဲသော မျိုးကြဲသူပင် ဖြစ်သည်။

1. ၁ကောရိန္သု ၉း၁၁ တွင် ပေါလုက ကောရိန္သုမြို့သားများထံ "ငါတို့သည် သင်တို့၌ ဝိညာဉ်ဆိုင်ရာအရာများကို မျိုးကြဲခဲ့ပြီ"ဟု ပြောခဲ့သည်။ *ဝိညာဉ်ဆိုင်ရာအရာများ* မှာ ဝိညာဉ်ရေးရာမျိုးစေ့များကို ရည်ညွှန်းသည်။
2. မျိုးစေ့သည် အသက်၏ထည့်ဝင်ရာဖြစ်ပြီး၊ ဝိညာဉ်ရေးရာမျိုးစေ့ကို ကြဲခြင်းမှာ ကျွန်ုပ်တို့၏ဝိညာဉ်၌၊ ဝိညာဉ်နှင့်အတူ၊ ဝိညာဉ်အထဲက အသက်ကို ဝေငှရန်ဖြစ်သည်။ သခင်ယေရှုသည် မျိုးကြဲသူအဖြစ် ကြွလာခဲ့ပြီး၊ မိမိကိုယ်တော်တိုင်ကို အသက်၏မျိုးစေ့အဖြစ် လူသားမျိုးနွယ်အထဲသို့ ကြဲခဲ့သည် - မ၊၁၃း၃၊ ၃၇။
3. သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ ပဋိညာဉ်တရားသစ်၏အမှုဆောင်များအဖြစ် ကျွန်ုပ်တို့သည် ခရစ်တော်ကို အခြားသူများ၌ ကြီးထွားစေရန်နှင့် ထုတ်လုပ်ရန် အသက်ကို ဝေငှမည့် မျိုးကြဲသူများဖြစ်ရန် လိုအပ်သည်။

B. အသက်၏အမှုဆောင်သူသည် ခရစ်တော်ကို ဘုရားသခင်၏လူများအထဲသို့ စိုက်ပျိုးသော စိုက်ပျိုးသူဖြစ်သည် - ၁ကော၊၃း၆။

1. ဘုရားသခင်၏အသက်ဖြင့် ခရစ်တော်၌ အသစ်မွေးဖွားခံရပြီးသော ယုံကြည်သူများသည် ဘုရားသခင်၏ ဖန်ဆင်းအသစ်၌ စိုက်ပျိုးမြေ၊ ဘုရားသခင်၏ လယ်ဖြစ်ကြသည် - အငယ်၊၉။
2. ခရစ်တော်ကို အခြားသူများအထဲသို့ စိုက်ပျိုးရန်အလို့ငှာ ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့ဝိညာဉ်ရှိ အသက်အဖြစ် စစ်မှန်သော တွေ့ကြုံခံစားမှု လိုအပ်သည်။

C. အသက်၏အမှုဆောင်သူသည် လူများကို ခရစ်တော်ဖြင့် ရေလောင်းပေးသည့် ရေလောင်းသူဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကို အခြားသူများအထဲသို့ စိုက်ပျိုးပြီဆိုလျှင်၊ သူတို့ကို အသက်ရေဖြင့် ရေလောင်းရန် လိုအပ်သည် - အငယ်၊၆။

1. ဘုရားသခင့်လယ်မြေရှိ ရေလောင်းသူကို ရေလှောင်ကန်မှ ရေသွယ်စနစ်ဖြင့် လယ်မြေကို ရေပေးဝေခြင်းနှင့် ခိုင်းနှိုင်းနိုင်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏လယ်အဖြစ် အသင်းတော်ကို ရေလောင်းရန် ကျွန်ုပ်တို့အတွင်း၌ အသက်ရှင်သောရေကို သိုလှောင်ထားခြင်းနှင့်အတူရှိသည့် ဘုရားဆိုင်ရာ "ဆည်ရေသွယ်စနစ်" ဖြစ်သင့်သည်။
2. ကျွန်ုပ်တို့သည် ခရစ်တော်ကို အသက်ရေအဖြစ် စစ်မှန်သော တွေ့ကြုံခံစားခြင်းနှင့် ကိုယ်တော်ကို အသက်ရှင်သော ဆက်သွယ်မှု ရှိရန်လိုအပ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် အသက်ရှင်သောရေ၏ လမ်းကြောင်း၊ ဘုရားဆိုင်ရာ ရေ

သွယ်စနစ် ဖြစ်နိုင်မည်ဖြစ်ကာ၊ ယင်းသည် အခြားသူများအား အသက်ရေဖြင့် မစပေးနိုင်မည်ဖြစ်သည် - ယော၊၄း၁၄။ ၇း၃၇-၃၉။

D. အသက်၏အမှုဆောင်သူသည် အသက်ကို သူ၏သားသမီးများထံ ဖြည့်ပေးသော၊ မွေးဖွားခြင်းပြုသော မွေးဖွားသူ ဖခင်ဖြစ်သည် - ၁ကော၊၄း၁၅။
   1. မွေးဖွားခြင်းသည် ဝိညာဉ်ရေးရာ သားသမီးများကို ဖြစ်ဖွားစေခြင်း၊ သူတို့ကို အသက်ဖြည့်သွင်းပေးခြင်းမှတစ်ဆင့် မွေးဖွားပေးခြင်းပင် ဖြစ်သည်။
   2. ကျွန်ုပ်တို့သည် အခြားသူများအထဲသို့ ဘုရားဆိုင်ရာအသက်ကို ဖြည့်သွင်းရန်အလို့ငှာ ဘုရားဆိုင်ရာ “ဗီဇမျိုးစေ့” ရှိရန် လိုအပ်သည်၊ သို့မှသာ သူတို့သည် ဘုရားသခင်၏သားသမီးများအဖြစ် မွေးဖွားလာနိုင်မည်ဖြစ်သည်။

E. အသက်၏အမှုဆောင်သူသည် ကျွေးမွေးသူဖြစ်သည်။ ကျွေးမွေးခြင်းသည် အသက်၏အကြောင်းအရာဖြစ်သည်။ ၎င်းသည် အသိပညာအကြောင်းအရာဖြစ်သော သွန်သင်ခြင်းမှ ခြားနားသည်။
   1. သောက်စရာ နို့ကိုပေးခြင်း သို့မဟုတ် စားစရာအစာကို ပေးခြင်းမှာ အခြားသူများကို ကျွေးမွေးရန်ဖြစ်သည် (၃း၂)။ တမန်တော်က ကောရိန္သုယုံကြည်သူများအား အမှုဆောင်ခဲ့သည့်အရာမှာ နို့ဖြစ်ပြီး၊ ၎င်းသည် သူတို့ကို ကျွေးမွေးမစခြင်း ရှိသင့်သည်။
   2. တမန်တော်များ၏ စင်ကြယ်သော သွန်သင်ခြင်းသည် လူများထံ အသက်၏မစမှုအဖြစ် သူတို့ကို ကျွေးမွေးမစရန် သို့မဟုတ် သူတို့ကို အနာငြိမ်းစေရန် ကျန်းမာစေသော သွန်သင်ခြင်းကို အမှုဆောင်ခြင်းဖြစ်သည် - ၁တိ၊၁း၁၀ခ။ ၆း၃။ ၂တိ၊၁း၁၃။ တိတု၊၁း၉။

F. အသက်၏အမှုဆောင်သူသည် ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များဖြင့် တည်ဆောက်သော တည်ဆောက်သူဖြစ်သည်။
   1. ရွှေသည် ကိုယ်တော်၏ဘုရားဆိုင်ရာသဘောသဘာဝ၌ ခမည်းတော်ဘုရားသခင်ကို ပုံဆောင်၍၊ ငွေသည် ကိုယ်တော်၏ ရွေးနုတ်ခြင်းအလုပ်၌ ခရစ်တော်ကို ပုံဆောင်ကာ၊ အဖိုးတန်ကျောက်များသည် ကိုယ်တော်၏ ပုံသဏ္ဌာန်ပြောင်းလဲခြင်းအလုပ်၌ ဝိညာဉ်တော်ကို ပုံဆောင်သည် (ဤအရာသည် လူသားသဘောသဘာဝကိုပုံဆောင်သည့် သစ်သား၊ အသွေးအသား၌ရှိသော လူကို ပုံဆောင်သည့် မြက်၊ အသက်ကင်းမဲ့ခြင်းကို ပုံဆောင်သည့် ကောက်ရိုးတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သည်) - ၁ကော၊၃း၁၂။
   2. သီချင်းတကာ့သီချင်းသည် သင့်လျော်မှန်ကန်သည့် အသင်းတော်အသက်တာ၌ စုံလင်ခံရသော ယုံကြည်သူများသည် ပုံသဏ္ဌာန်ပြောင်းလဲပေးသော ဝိညာဉ်တော်နှင့် ပူးပေါင်းလုပ်ဆောင်ကာ ခရစ်တော်၏ ချစ်သောရှာဖွေသူများအား သုံးပါးတစ်ပါးဘုရား၏ဂုဏ်အင်္ဂါတော်များကို သူတို့၏ကောင်းမြတ်ခြင်းများဖြစ်လာရန် ဆောင်သွင်းခံရခြင်းအားဖြင့် သူတို့ကို ပုံသဏ္ဌာန်ပြောင်းလဲစေရန်အတွက် သုံးပါးတစ်ပါးဘုရားကို သူတို့ထံ အမှုဆောင်ပေးခြင်းအားဖြင့် စုံလင်စေကြောင်း ပုံဖော်ပြသထားသည် - ၁း၁၀-၁၁။
   3. ဤအရာသည် ခရစ်တော်၏ ရှင်သန်သော ကိုယ်ခန္ဓာတော်အဖြစ် အသင်းတော်ကို တည်ဆောက်ခြင်းအတွက်ဖြစ်ကာ၊ ယင်းမှာ ဘုရားသခင်၏ထာဝရစီမံကိန်း ပြီးပြည့်စုံခြင်းအတွက် ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေမည်ဖြစ်သည် - ၁ကော၊၃း၁၂။ ဗျာ၊၂၁း၁၈-၂၁။

*© 2024 Living Stream Ministry*

Message Six

## ခရစ်တော်၌ရှိသော သုံးပါးတစ်ပါးဘုရားသည်
## ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ ထွန်းလင်းခြင်းအားဖြင့် ကျွန်ုပ်တို့ထံ အသက်ဖြစ်ခြင်း

ဖတ်ရန်ကျမ်း။ ။၂ကော၊၄း၄၊ ၆-၇။ ၃း၁၈။ မ၊၁၇း၂။ ဧ၅း၈-၉။ ဗျာ၊၂၂း၄က၊ ၅ခ။ ၂၁း၂၃

**I. "ထိုသို့ မယုံကြည်သောသူတို့ကား၊ ဘုရားသခင်၏ ပုံသဏ္ဌာန်တော် တည်းဟူသော ခရစ်တော်၏ဘုန်းအသရေနှင့် ပြည့်စုံသော ဧဝံဂေလိတရား၏ အရောင်သည် အလင်းကို မပေးစေခြင်းငှာ၊ ဤခေတ်ကို အစိုးရသော ဘုရားသည် သူတို့၏ စဉ်းစားခြင်းများကို ကွယ်စေ၏" - ၂ကော၊၄း၄။**

A. ဤခေတ်၏ဘုရားဖြစ်သော စာတန်သည် မယုံကြည်သူများ၏ စဉ်းစားခြင်းများနှင့် အသိဉာဏ်များကို ကွယ်စေခဲ့သည်၊ ထို့သို့ဖြင့် ခရစ်တော်၏ဘုန်းတော် ဧဝံဂေလိတရားရောင်ခြည်သည် သူတို့၏စိတ်နှလုံးများ၌ ထွန်းလင်းနိုင်ခြင်း မရှိတော့ပေ။

1. ကွယ်စေခြင်း သို့မဟုတ် ဖုံးကွယ်ခြင်းခံရသူတို့က သူတို့သည် ဘာကိုမျှ မကိုးကွယ်ကြပါဟု ထင်မှတ်ကြသည်၊ အမှန်မှာ သူတို့၏ဘုရားသည် စာတန်ဖြစ်သည်။
2. ဘုရားမဲ့ဝါဒီများသည် သူတို့ဘာလုပ်နေသည်ကို မသိလိုက်မိဘဲ စာတန်ကို ကိုးကွယ်နေကြသည်။
3. ယနေ့ လူများအားလုံးနီးပါးသည် ဤခေတ်၏ဘုရားအားဖြင့် မျက်စိကန်းစေခြင်း ခံခဲ့ရပြီဖြစ်သည်။

B. ဘုရားသခင်၏ပုံသဏ္ဌာန်တော်ဖြစ်သော ခရစ်တော်သည် ကိုယ်တော်၏ဘုန်းတော် ရောင်ခြည်ထွန်းလင်းခြင်းဖြစ်သည်။ ထို့ကြောင့် ခရစ်တော်၏ဧဝံဂေလိတရားသည် ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ ထွန်းလင်းသော၊ ရောင်ခြည်လွှတ်သော၊ တောက်ပသော ကိုယ်တော်၏ဘုန်းတော် ဧဝံဂေလိတရားဖြစ်သည် - ဟေဗြဲ၊၁း၃။ ၂ကော၊၄း၆။

C. ခရစ်တော်၏ဘုန်းတော် ဧဝံဂေလိတရားသည် ကောင်းချီးခံရသော ဘုရားသခင့်ဘုန်းတော်၏ ဧဝံဂေလိတရားဖြစ်သည် - ၁တိ၊၁း၁၁။

D. ခရစ်တော်၌ ဘုရားသခင်၏အသက်နှင့် သဘောသဘာဝကို ဘုရားသခင်၏ရွေးချယ်ခံလူများအထဲသို့ ဝေငှဖြန့်ဖြူးခြင်းအားဖြင့် ခရစ်တော်၏ဘုန်းတော် ဧဝံဂေလိတရားသည် ဘုရားသခင်၏ဘုန်းတော်ကို ထွန်းလင်းတောက်ပစေကာ၊ ယင်း၌ ဘုရားသခင်သည် ကိုယ်တော်၏လူများအလယ်တွင် ကောင်းချီးခံရလေသည် - ဟေဗြဲ၊၁း၃။ ဧ၊၁း၃၊ ၆၊ ၁၂၊ ၁၄။

**II. "မှောင်မိုက်ထဲက အလင်းထွန်းလင်းမည်အကြောင်း မိန့်တော်မူသော ဘုရားသခင်သည် ယေရှုခရစ်၏မျက်နှာ၌ ဘုရားသခင်၏ဘုန်းတော်ကို သိသော ဉာဏ်ထွန်းလင်းစေခြင်းငှာ၊ ငါတို့စိတ်နှလုံးထဲ၌ အလင်းကို ထွန်းလင်းစေတော်မူ၏" - ၂ကော၊၄း၆။**

A. ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ ဘုရားသခင်၏ထွန်းလင်းခြင်းသည် ယေရှုခရစ်တော်၏ မျက်နှာတော်ရှိ ဘုရားသခင့်ဘုန်းတော်ကို သိကျွမ်းခြင်း၏ အလင်းထွန်းလင်းခြင်းကို ထွက်ပေါ်လာစေသည်၊ ယင်းမှာ ခရစ်တော်၏ဧဝံဂေလိတရား၌ ဘုရားသခင့်ဘုန်းတော်ကို သိကျွမ်းခြင်းရှိရန် ဖြစ်စေသော အလင်းထွန်းလင်းခြင်း၌ ဖြစ်သည် - အငယ်၊၄၊ ၆။

B. ဘုရားသခင်၏ဘုန်းတော်ကို သိကျွမ်းခြင်း၏ ထွန်းလင်းခြင်းသည် ယေရှုခရစ်တော်၏ မျက်နှာ၌ ဖြစ်သည်။ ဤသည်မှာ ခရစ်တော်၏ဘုန်းတော် ဧဝံဂေလိတရားသည် မျက်နှာတော်၌ ဘုရားသခင်၏ဘုန်းတော်ကို ကျွန်ုပ်တို့မြင်ရနိုင်သော ချစ်ဖွယ်သောပုဂ္ဂိုလ်ပင် ဖြစ်ကြောင်း ညွှန်ပြနေသည် - အငယ်၊၄၊ ၆။ မ၊၁၇း၂။

C. ယေရှုခရစ်၏မျက်နှာ၌ ထင်ရှားပေါ်ထွန်းသည့် ဘုရားသခင်၏ဘုန်းတော်သည် ဘုရားသခင့်ဘုန်းတော်၏ ရောင်ခြည်ထွန်းတောက်ခြင်းဖြစ်သော ယေရှုခရစ်မှတစ်ဆင့် ထင်ရှားသည့် ဘုန်းတော်၏ဘုရားသခင် ဖြစ်သည်။ ကိုယ်တော်ကို သိကျွမ်းခြင်းမှာ ဘုန်းတော်၏ဘုရားသခင်ကို သိကျွမ်းခြင်းဖြစ်သည် - တ၊၇း၂။ ဟေဗြဲ၊၁း၃။

D. ဘုရားသခင်သည် ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ ထွန်းလင်းခြင်းရှိလေလေ၊ ကျွန်ုပ်တို့သည် အခြားသူများအပေါ် ထွန်းလင်းခြင်း ရှိလေလေဖြစ်သည်၊ ထိုသို့ဖြင့် သူတို့သည် ယေရှုခရစ်၏မျက်နှာ၌၊ တစ်နည်းအားဖြင့် ဘုရားသခင်ကို ထင်ရှားစေ၍ ထုတ်ဖော်ပြသသောအရှင် ခရစ်တော်ကို သိကျွမ်းခြင်း၌ ဘုရားသခင်၏ဘုန်းတော်ကို သိကျွမ်းခြင်း ရှိနိုင်မည်ဖြစ်သည်။

ခရစ်တော်၏ဘုန်းတော် ဧဝံဂေလိတရားသည် ပထမဦးစွာ ကျွန်ုပ်တို့အထဲသို့ ထွန်းလင်းပြီး၊ ထိုနောက် ကျွန်ုပ်တို့အတွင်းထဲမှ ထွန်းလင်းလာခြင်း ဖြစ်သည် - ယော၊၁း၁၈။ မ၊၅း၁၆။ ဖိ၊၂း၁၅။

**III. "သို့သော်လည်း သာလွန်ထူးမြတ်သော တန်ခိုးတော်သည် ငါတို့နှင့်မဆိုင်၊ ဘုရားသခင်နှင့် ဆိုင်မည်အကြောင်း၊ ထိုဘဏ္ဍာသည် မြေအိုးများ၌ ထည့်ထားလျက် ငါတို့၌ ရှိ၏" - ၂ကော၊၄း၇။**

A. ခရစ်တော်၏ဘုန်းတော်ဧဝံဂေလိတရား ထွန်းလင်းခြင်းမှတစ်ဆင့် သာလွန်ထူးမြတ်သော ဖိုးထိုက်ဘဏ္ဍာအဖြစ် ဘုန်းတော်၏ ခရစ်တော်သည် ယုံကြည်သူများအားဖြင့် လက်ခံရရှိခဲ့သည်။ ယခု သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်းနှင့် ထင်ရှားဖော်ပြခြင်းဖြစ်သော ခရစ်တော်၏ ထွန်းလင်းသော စစ်မှန်ခြင်းသည် ကျွန်ုပ်တို့အတွင်းရှိ ဖိုးထိုက်ဘဏ္ဍာဖြစ်သည် - အငယ်၊ ၆-၇။

1. ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ ဘုရားသခင်၏ဝေငှဖြန့်ဖြူးခြင်းဖြစ်သော ဘုရားသခင်၏ ထွန်းလင်းခြင်းသည် ကျွန်ုပ်တို့အထဲသို့ ဖိုးထိုက်ဘဏ္ဍာတည်းဟူသော အရာအားလုံးပါဝင်သော ခရစ်တော်၊ ကျွန်ုပ်တို့၏အသက်နှင့် အရာခပ်သိမ်းဖြစ်ရန် အသက်ပေးသော ဝိညာဉ်တော်အဖြစ် သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်းဖြစ်သောအရှင်ကို ယူဆောင်လာသည် - အငယ်၊၄၊ ၆-၇။ ကော၊၂း၉။ ၃း၄၊ ၁၁။ ၁ကော၊၁၅း၄၅ခ။
2. ဤတန်ဖိုးဖြတ်မရသော ဖိုးထိုက်ဘဏ္ဍာဖြစ်သည့် ကိန်းဝပ်နေသော ခရစ်တော်သည် ခရစ်ယာန်အသက်တာအတွက် မစရာ၏ ဘုရားဆိုင်ရာအရင်းအမြစ် ဖြစ်သည် - ဖိ၊၄း၁၃။ ၂ကော၊၁၃း၅။ ၄း၇။

B. ဤတန်ဖိုးဖြတ်မရသော ဖိုးထိုက်ဘဏ္ဍာသည် မြေကြီးတန်ဆာများဖြစ်ကြသော ကျွန်ုပ်တို့ကို တန်ဖိုးဖြတ်မရသော အမှုတော်ဖြင့် ပဋိညာဉ်တရားသစ်၏ အမှုဆောင်များ ဖြစ်စေသည်။ ဤအရာသည် ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားဆိုင်ရာ တန်ခိုးတော်အားဖြင့် ဖြစ်သည်။ ဤတန်ခိုး၏ သာလွန်ထူးမြတ်ခြင်းသည် အမှန်ပင် ဘုရားသခင်နှင့်သာဆိုင်ပြီး၊ ကျွန်ုပ်တို့ထဲမှလာခြင်းမဟုတ်ပေ - ၃း၆။ ၁း၉။ ၄း၇။

C. ကျွန်ုပ်တို့၏ထွန်းလင်းခြင်းမှတစ်ဆင့် ဘုန်းတော်၏ဧဝံဂေလိတရားကို လက်ခံရရှိသောသူတို့သည် သူတို့အထဲသို့ ဝေငှဖြန့်ဖြူးခံရသော အဖိုးထိုက်တန်သည့် ဘဏ္ဍာအဖြစ် ခရစ်တော်ကို ရရှိကြလိမ့်မည်ဖြစ်သည်။ ထိုနောက် ကျွန်ုပ်တို့ကဲ့သို့ပင် သူတို့သည်လည်း ဤတန်ဖိုးဖြတ်မရသော ဘဏ္ဍာကို ထည့်ဝင်ထားသည့် မြေကြီးတန်ဆာများ ဖြစ်ကြလိမ့်မည်ဖြစ်သည် - အငယ်၊၄၊ ၆-၇။

**IV. "ငါတို့ရှိသမျှသည် မျက်နှာဖုံးကို ဖွင့်လျက်၊ သခင်ဘုရား၏ ဘုန်းတော်ကို ကြည့်၍ ရောင်ပြန်ဟပ်သောမှန်ကဲ့သို့ ဖြစ်ကြ၏။ ငါတို့သည် သခင်ဘုရား ဝိညာဉ်တော်မှ ဘုန်းအသရေတိုးပွား၍ သဏ္ဌာန်တော်နှင့်အညီ ပုံသဏ္ဌာန်ပြောင်းလဲခြင်း ရှိရကြ၏" - ၃း၁၈။**

A. သခင်ဘုရား၏ဘုန်းတော်ကို ကြည့်ရှုခြင်းမှာ ကျွန်ုပ်တို့ကိုယ်တိုင် သခင်ဘုရားကို မြင်ခြင်း ဖြစ်သည်။ သခင်ဘုရား၏ဘုန်းတော်ကို ရောင်ပြန်ဟပ်ခြင်းမှာ ကျွန်ုပ်တို့မှတစ်ဆင့် ကိုယ်တော်ကို အခြားသူများအား မြင်နိုင်စေခြင်း ဖြစ်သည်။

B. သခင်ဘုရား၏ဘုန်းတော်သည် ရှင်ပြန်ထမြောက်ခဲ့သော၊ တက်ကြွခဲ့သော ခရစ်တော်၏ ဘုန်းတော်ဖြစ်ကာ၊ ကိုယ်တော်သည် ကျွန်ုပ်တို့၌ ကိန်းဝပ်နေသော အသက်ပေးသောဝိညာဉ်တော်အဖြစ် မိမိကိုယ်တော်တိုင်နှင့် ကိုယ်တော် ပြီးမြောက်ခဲ့သမျှ၊ ရရှိအောင်နိုင်ခဲ့သမျှ၊ ရယူခဲ့သမျှအားလုံးကို ကျွန်ုပ်တို့ထံ စစ်မှန်စေသော အရှင်ဖြစ်သည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်နိုင်မည်ဖြစ်ကာ၊ သခင်ဘုရားကဲ့သို့ တူညီသော သဏ္ဌာန်တော်အထဲသို့ ဘုန်းတော်မှ ဘုန်းတော်သို့ ပုံသဏ္ဌာန်ပြောင်းလဲခြင်း ရှိနိုင်မည်ဖြစ်သည်။ ဤနည်းဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့အား ကိုယ်တော်ကဲ့သို့ တူညီသောသူ ဖြစ်စေသည် - လု၊၂၄း၄၆။ ဟေဗြဲ၊၂း၉။ ၂ကော၊၃း၁၈။ ရော၊၈း၂၉။

C. ဤအရာသည် ရှင်ပြန်ထမြောက်ခြင်းတွင် အသက်၌ ဖြစ်ပေါ်နေသော ဖြစ်စဉ်ဖြစ်သည် - ၂ကော၊၃း၁၈။

**V. "အထက်က သင်တို့သည် မှောင်မိုက်အတိ ဖြစ်ကြ၏။ ယခုမူကား၊ သခင်ဘုရား၌ အလင်းဖြစ်ကြ၏။ သို့ဖြစ်၍ အလင်း၏ သားများကဲ့သို့ လျှောက်လှမ်းကြလော့" - ဧ၊၅း၈။**

A. ဘုရားသခင်သည် အလင်းဖြစ်တော်မူသည့်နည်းတူ ဘုရားသခင်၏သားများဖြစ်ကြသော ကျွန်ုပ်တို့သည် အလင်း၏သားများဖြစ်ကြသည် - ၁ယော၊၁း၅။ ဧ၅း၈။ ယော၊၁၂း၃၆။

B. ကျွန်ုပ်တို့သည် အလင်း၏သားများဖြစ်ကြရုံသာမက - ကျွန်ုပ်တို့သည် အလင်းကိုယ်တိုင် ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် အလင်းဖြစ်ကြခြင်းမှာ ကျွန်ုပ်တို့သည် သခင်ဘုရား၌ ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်ကြသောကြောင့် ဖြစ်သည် - မ၊ ၅း၁၄။ ၁ယော၊၁း၅။

C. ကျွန်ုပ်တို့သည် အလင်း၌ရှိကြသောအခါ၊ ကျွန်ုပ်တို့သည် အမှန်နှင့် အမှား၏ နယ်ပယ် ပြင်ပ၌ ရှိကြသည် - အငယ်၊၇။

D. ကျွန်ုပ်တို့သည် အလင်း၏သားများအဖြစ် လျှောက်လှမ်းမည်ဆိုလျှင် ဧဖက် ၅း၉ တွင် ဖော်ပြထားသည့် အသီးသီးခြင်း ရှိကြလိမ့်မည်ဖြစ်သည်။

1. အလင်း၏အသီးသည် သဘောသဘာဝ၌ ကောင်းမြတ်ခြင်း၊ ဖြစ်စဉ်၌ ဖြောင့်မတ်ခြင်းနှင့် ထင်ရှားခြင်း၌ စစ်မှန်ခြင်း ရှိရမည်ဖြစ်ကာ၊ ကျွန်ုပ်တို့နေ့စဉ်လျှောက်လှမ်းခြင်း၏ စစ်မှန်ခြင်းအဖြစ် ဘုရားသခင်သည် ထင်ရှားခြင်း ရှိရမည်ဖြစ်သည်။

2. ကောင်းမြတ်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့် သမ္မာတရား၌ ရှိသော အလင်း၏အသီးသည် သုံးပါးတစ်ပါးဘုရားနှင့် ဆက်နွှယ်နေသည်။

   a. ကောင်းမြတ်ခြင်းအဖြစ် ခမည်းတော်သည် အလင်း၏အသီး သဘောသဘာဝဖြစ်သည်။ ထို့ကြောင့် အပိုဒ်ငယ် ၉ ရှိ ကောင်းမြတ်ခြင်းသည် ခမည်းတော်ဘုရားသခင်ကို ရည်ညွှန်းသည် - မ၊၁၉း၁၇။

   b. ဖြောင့်မတ်ခြင်းသည် သားတော်ဘုရားကို ရည်ညွှန်းသည်၊ အကြောင်းမှာ ခရစ်တော်သည် ဘုရားသခင်၏ ဖြောင့်မတ်သော ဖြစ်စဉ်အတိုင်း ဘုရားသခင်၏အကြံအစည်တော်ကို ပြီးမြောက်ပြည့်စုံစေရန် ကြွလာခဲ့သောကြောင့် ဖြစ်သည် - ရော၊၅း၁၇-၁၈၊ ၂၁။

   c. အလင်း၏အသီး ထင်ရှားခြင်းဖြစ်သည့် သမ္မာတရားသည် ဝိညာဉ်တော်ဘုရားသခင်ကို ရည်ညွှန်းသည်၊ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်သည် စစ်မှန်ခြင်း၏ဝိညာဉ်တော် ဖြစ်သောကြောင့်ဖြစ်သည် -ယော၊၁၄း၁၇။ ၁၆း၁၃။

VI. **"ကိုယ်တော်၏ မျက်နှာတော်ကို မြင်ရ၍၊ ... သခင်ဘုရား ဘုရားသခင်သည် သူတို့အပေါ်တွင် ရောင်ခြည်တော်ကို လွှတ်တော်မူလိမ့်မည်" - ဗျာ၊၂၂း၄က၊ ၅ခ။**

A. ဘုရားသခင်နှင့် သိုးသငယ်၏မျက်နှာတော်ကို မြင်ခြင်းမှာ ထာဝရကာလပတ်လုံး ဘုရားသခင့်ရွေးနုတ်ခံများအားဖြင့် မွေ့လျော်ဝမ်းမြောက်ရသည့် သုံးပါးတစ်ပါးဘုရား၏ ကောင်းချီးမင်္ဂလာဖြစ်လိမ့်မည်ဖြစ်သည် - အငယ်၊၄က။

B. သိုးသငယ်၌ ဘုရားသခင်ကိုယ်တော်တိုင်သည် ကျွန်ုပ်တို့အပေါ် ထွန်းလင်းလိမ့်မည်ဖြစ်ကာ၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ဘုန်းထင်ရှားသော ရောင်ခြည်ထွန်းလင်းခြင်းအောက်မှာ အစဉ်အမြဲ အသက်ရှင်ရကြလိမ့်မည်ဖြစ်သည် - အငယ်၊၅ခ။ ၂၁း၂၃။

*© 2024 Living Stream Ministry*